မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဝါဆိုလကွယ်နေ့၊ ၂၀၀၉ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၈၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ဦးတည်ချက်

(၁) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(၂) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊

(၃) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက် သယ်ပိုးထိန်းသိမ်း စောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

အမှာစကား ပြောကြား

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အတွင်း ပြည်ပယဉ်ကျေးမှု လွှမ်းမိုးလာလျှင် လူမျိုး၏လက္ခဏာများ ပျောက်ကွယ်ပြီး တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တသည်လည်း ပျက်ယွင်းသွားမည် နောက်ဆုံးတွင် မျိုးချစ်စိတ်ဓာတ်ပျက်သုဉ်းသွားပြီး လူမျိုးပါပျောက်ကွယ်သွားနိုင်

မျိုးချစ်စိတ်ဓာတ်နှင့် ရိုးရာယဉ်ကျေးမှု မကွယ်ပျောက်စေရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်လိုအပ်

နေပြည်တော် ဇူလိုင် ၂၀

၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၄နာရီခွဲတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဦးစီးကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်နှင့် ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သဘင်ဂီတပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင်-

စာမျက်နှာ ၃ ကော်လံ ၁ ✻

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇူလိုင် ၂၁ ရက်)

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ် သမိုင်းအထောက်အထားများ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်

မြန်မာနိုင်ငံ၏ မြန်မာ့သမိုင်းအထောက်အထားများကို ရှေးဟောင်းသုတေသနနည်းဖြင့် ရှာဖွေဖော်ထုတ်လျက်ရှိရာ လူသားမျိုးနွယ်ပရိုင်းမိတ်များ ရှာဖွေဖော်ထုတ်မှု၊ မြို့ဟောင်းများ တူးဖော်မှုတို့မှရရှိသော ကျောက်ဖြစ်ရုပ်ကြွင်းများ၊ အသုံးအဆောင်ပစ္စည်းများက နိုင်ငံ၏ယဉ်ကျေးမှုသမိုင်းကြောင်းကို ဖော်ညွှန်းပြဆိုနေသည်။

မြန်မာတို့သည် မြန်မာ့မြေ၊ မြန်မာ့ရေပေါ်တွင် ရှေးနှစ်သန်းပေါင်း ၄၀ ကျော်ကတည်းက ဖြစ်တည်ရှင်သန်လာခဲ့ကြသည်ကို ပုံတောင်ပုံညာဒေသတွင် တွေ့ရှိရသည့် ပရိုင်းမိတ်များက ဖော်ပြလျက်ရှိသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းလျက်ရှိရာတွင် ပဲခူးတိုင်း ပြည်မြို့ပတ်ဝန်းကျင်နှင့် မကွေးတိုင်း ပခုက္ကူမြို့ပတ်ဝန်းကျင်ဒေသများ၌ မြန်မာ့ကျောက်ခေတ်ဟောင်း အထောက်အထားများ ဖော်ထုတ်ခဲ့ရာ တောင်ဘက်ဆုံးပိုင်း(အောက်ပိုင်း) ပြည်မြို့ပတ်ဝန်းကျင်မှစ၍ မြောက်ဘက်အကျဆုံးအပိုင်း(အထက်ပိုင်း) ပခုက္ကူမြို့ပတ်ဝန်းကျင်အထိ ဧရာဝတီမြစ်၏ဘေးပတ်ဝန်းကျင် မြစ်ကမ်းဆင့်ဟောင်းဒေသများ၌ ဖြစ်သည်။

ကျောက်လက်နက်ကိရိယာ ၁၆၉ခုကို ဆင်ပေါင်ဝဲ၊ မိကျောင်းရဲ၊ ကွေ့ချောင်း၊ မင်းလှ၊ မင်းဘူး၊ ကျပင်မြို့ဟောင်းဒေသတို့နှင့် ပခုက္ကူဒေသတစ်ဝိုက်မှ စုဆောင်းရရှိခဲ့သည်။

စုဆောင်းရရှိသော လက်နက်ကိရိယာအထောက်အထားများသည် ယခင်ကွင်းဆင်းရှာဖွေ တွေ့ရှိခဲ့သော ကျောက်လက်နက်ကိရိယာများနှင့် ပုံသဏ္ဌာန်အရွယ်အစားအားဖြင့်လည်းကောင်း၊ တွေ့ရှိရာ အောက်ခံမြေလွှာအနေအထားများနှင့်လည်းကောင်း နှိုင်းယှဉ်လေ့လာချက်အရ အစောပိုင်းနှင့် နှောင်းပိုင်း အညာသား ယဉ်ကျေးမှုနှင့် ဆက်နွှယ်မှုရှိကြောင်း သိရသည်။

အညာသားကျောက်ခေတ်လက်ရာ လက်နက်ကိရိယာအမျိုးအစားများအဖြစ် ခုတ်ထစ်၊ ခုတ်စင်း ကိရိယာ၊ လက်သုံးပဲခွပ်နှင့် ကျောက်ခြစ်စသည်ဖြင့် ခွဲခြားလေ့လာတွေ့ရှိခဲ့သည်။

ထူးခြားသောတွေ့ရှိချက်မှာ ပခုက္ကူမြို့အနောက်ဘက်လယ်ယာရွာ၏ အနောက်မြောက်ဘက်ရှိ မြစ်ကမ်းဆင့်ဟောင်းအမှတ်-၃၏ အောက်ခြေဆင်ခြေလျှော(မြစ်ကမ်းဆင့်-၄) မြေလွှာမှ နှောင်းပိုင်း အညာသားယဉ်ကျေးမှုအဆင့်(၂)နှင့် သက်ဆိုင်သော ကျောက်လက်နက်များပင်ဖြစ်သည်။ လက်နက်ကိရိယာများသည် ဖဲ့ဆစ်ရာများပြီး ပိုမိုအသွေးပေါ်အောင်ပြုလုပ်ထားကာ အရွယ်အစားအားဖြင့် သေးငယ်သည်။ ယခုတွေ့ရှိရသော ကျောက်လက်နက်ကိရိယာများသည် ယခင်တွေ့ရှိရသော လက်နက်ကိရိယာနှင့် နှိုင်းယှဉ်ပါက အရေအတွက်အားဖြင့် နည်းသော်လည်း သမိုင်းမတင်မီခေတ် ကျောက်ခေတ်ဦး၏ ယဉ်ကျေးမှုဖြစ်စဉ်များကို မှတ်ကျောက်တင်နိုင်စွမ်းရှိသည်။

သို့ဖြစ်ပေရာ နိုင်ငံ့ဂုဏ်ပြုယဉ်ကျေးမှုဆောင်ပုဒ်အရ အခြားသော ခေတ်ပြိုင်ကျောက်ခေတ်ယဉ်ကျေးမှု ဖြစ်စဉ်များနှင့်အညီ မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှုအဆင့်ဆင့်ကို ခိုင်လုံတိကျစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရှာဖွေတွေ့ရှိသော အထောက်အထားများကို တိုင်းရင်းသားပြည်သူများက အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ တိုင်းမှူးတံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်

နေပြည်တော် ဇူလိုင် ၂၀

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင် ၁၃ရက် မွန်းလွဲပိုင်းက ပုသိမ်မြို့ တိုင်းအားကစားကွင်း၌ ကျင်းပရာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ တက်ရောက်အမှာစကားပြောကြားပြီး ဖွင့်ပွဲ ပွဲစဉ်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင်၁၄ရက် နံနက်ပိုင်းက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ကျင်းပရာ တိုင်းမှူး တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးရေး ပညာပေးဟောပြောပွဲ ကျွန်းလှ၌ကျင်းပ

ကျွန်းလှ ဇူလိုင် ၂၀

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်ငွေချည် (၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးရေး ပညာပေး ဟောပြောပွဲကို ဇူလိုင် ၆ရက်က ထန်းပင်ကုန်းအုပ်စုနှင့် ကျည်ကုန်းအုပ်စုများ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျွန်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်က ချည်မျှင်ရှည်ဝါလျှာထားချက် ဧကပြည့်မီအောင် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းသည်။

ဟောပြော

ဆက်လက်ပြီး ဝါနှင့်ပိုးချည်လုပ်ငန်း ရွှေဘိုခရိုင်မန်နေဂျာ ဦးအေးသန့်နှင့် ကျွန်းလှမြို့နယ် မန်နေဂျာ ဒေါ်မြင့်မြင့်ရီတို့က ချည်မျှင်ရှည်ဝါ စိုက်ပျိုးရခြင်း၏ အကျိုးကျေးဇူးကို ပညာပေး ဟောပြောကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မွန်ပြည်နယ် ယာဉ်ထိန်းတပ်ဖွဲ့ဝင် သားသမီးများအား ပညာသင်စရိတ်ပေးအပ်

ရန်ကုန် ဇူလိုင် ၂၀

မွန်ပြည်နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်သားသမီးများအား ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ပေးအပ်ပွဲနှင့် စာရေးကိရိယာများ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ရက်က မော်လမြိုင်မြို့နယ် တာဝန်ခံ(ယာဉ်ထိန်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ မော်လမြိုင်မြို့နယ်တာဝန်ခံ(ယာဉ်ထိန်း) ဒုတိယရဲမှူးမြင့်အေးက အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ခံ(ယာဉ်ထိန်း) ဒုတိယရဲမှူးမြင့်အေး **(အောက်ပုံ)**၊ ရဲအုပ်လှထွန်းနှင့် ရဲအုပ်အေးမင်းတို့က တက္ကသိုလ်အဆင့်ခြောက်ဦး၊ အထက်တန်းအဆင့်ငါးဦး၊ အလယ်တန်းအဆင့် ကိုးဦးနှင့် မူလတန်းအဆင့် ၁၀ ဦးတို့အား ပညာသင်စရိတ်နှင့်စာရေးကိရိယာများကို ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၁-၇-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၂၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၀ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄း၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၇။ မြန်မာသံစဉ်ချိုနှားဝင်
- ၅း၂၀ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆း၃၅ ၁၄။ ကလေးတို့ကမ္ဘာ
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၇၁)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဟာသရုပ်စုံ
- ၂၁။ ဗွီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင်သိုင်းမောင်နှံ** (အပိုင်း-၂၇)
- ၂၄။ မိုးကုတ်ဆရာတော်ကြီး ထေရုပ္ပတ္တိ အပိုင်း(၁၅)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(သုဝဏ္ဏ)ဗဟိုသင်တန်းကျောင်း အငယ်တန်းအင်ဂျင်နီယာ(၄)မြို့ပြ(မွမ်းမံ)သင်တန်းဆင်းပွဲ ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်

ရန်ကုန် ဇူလိုင် ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇူလိုင်၁၈ရက် နံနက်၉နာရီခွဲက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(သုဝဏ္ဏ) ဗဟိုသင်တန်းကျောင်း၌ ကျင်းပသည့် အငယ်တန်းအင်ဂျင်နီယာ(၄) မြို့ပြ(မွမ်းမံ)သင်တန်းဆင်းပွဲသို့တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းတွင် ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ဆက်လက်၍ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးကိုယ်စား သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူများအား ပေးအပ်သည်။

ကြာမြင့်

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၁ဦး တက်ရောက်အောင်မြင်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်ခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အငယ်တန်းအင်ဂျင်နီယာ(၄)မြို့ပြ(မွမ်းမံ)သင်တန်းဆင်းပွဲတွင် ထူးချွန်ဆုရသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (ဆောက်လုပ်ရေး)

ယင်းနောက် ဝန်ကြီးသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တောင်ပိုင်းခရိုင် အင်ဂျင်နီယာမှူးရုံးသို့သွားရောက်၍ အင်ဂျင်နီယာများ၊ ရုံးဝန်ထမ်းများအား တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်းမော်စည်ပင် ပျိုးဥယျာဉ်အတွင်း ပန်းပင်များပျိုးထောင်

ဇန်းမော် ဇူလိုင် ၂၀

ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ပျိုးပင်များပျိုးထောင်ခြင်း၊ ပေါင်းနုတ်ခြင်းနှင့် ပျိုးအိတ်များ ထုပ်ခြင်းလုပ်ငန်းကို ဇူလိုင် ၁၂ရက်က ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်ဇော်ဦးက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ ***(ခရိုင် ပြန်/ဆက်)***

ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းသည် ခေတ်နောက်ပြန်ဆွဲခြင်းမဟုတ် ပိုမိုတန်ဖိုး မြင့်မားလာအောင် ဆောင်ရွက်ခြင်းသာဖြစ်

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်အောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၇-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော် +မေတ္တသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**သရဏဂုံအစွမ်းအံ့မခန်း** တရားတော် ဆရာတော်အရှင်ဇဝန(မေတ္တာရှင်)
၆း၄၅	ရှင်တော်မဟာမုနိ···· ဘဂဝါပူဇေမိ
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းပွင့်ဇကေရီ**(အပိုင်း-၁၈)
၈း၃၀	Sunday Talk
၉း၂၅	Sports World (X Game Bicycle)
၉း၅၅	မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင်
၁၀း၁၅	တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ကြီး၏ ဩဝါဒကထာ **စာဖြေသံဃာသိမှတ်စရာ**
၁၁း၀၅	ဝါတွင်းကာလ တရားဓမ္မ
၁၁း၂၀	သာယာချိုအေး(၃၈)ဖြာ မင်္ဂလာတေး (ဒုစရိုက်တရားမြဲရှောင်ရှား)
၁၁း၃၀	သာသနာအလင်းဆောင်မည် ဓမ္မရောင်ခြည်
၁၁း၅၅	မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်မှာ ပန်းလှရောင်စုံဖြာ
၁၂း၁၅	Activities in the City (လက်ျာလင်းနိုင်ရဲ့ Silent Yellow ပန်းချီပြပွဲ)
၁၂း၂၅	မန္တလာမြေမှ Diamond Plaza
၁၂း၄၀	ရှင်တော်မဟာမုနိ··· ဘဂဝါပူဇေမိ
၁း၀၀	**သရဏဂုံအစွမ်း အံ့မခန်း** တရားတော် ဆရာတော်အရှင်ဇဝန(မေတ္တာရှင်)
၂း၀၀	MRTV-4 သတင်း
၂း၄၅	Fashion Music Festival (Music Selection)
၃း၂၀	ဆီထွက်သီးနှံများထဲမှ "ဆီအုန်း"
၃း၄၅	ဝိနည်းတော်နှင့်ညီသည့် သင်္ကန်းဟူသည်
၄း၀၅	Celebrity Style (သရုပ်ဆောင် အောင်ရဲလင်း)
၄း၃၅	Peace of Mind **စိတ်ငြိမ်းအေးသော** (ဒါရိုက်တာ-ကြည်ဖြူသျှင်)
၄း၅၀	အကြော်ခံဆီအန္တရာယ် (ဒေါက်တာခင်မောင်လွင်)
၅း၂၀	ဝါတွင်းကာလ တရားဓမ္မ
၅း၃၅	လက်သည်းပန်းချီ(အပိုင်း-၂)
၆း၀၀	MRTV-4 သတင်း
၆း၂၀	Cartoon Show Time (Wall-E)
၇း၀၀	Fashion Music Festival (Music Selection)
၇း၃၅	သင်ကြားရေးလမ်းညွှန် (MON MON's Beauty Salon)
၈း၀၀	MRTV-4 သတင်း
၈း၃၀	World of Knowledge (ရုပ်ရှင်ထဲကလိုကားမျိုး)
၉း၀၀	Celebrity Style (သရုပ်ဆောင် အောင်ရဲလင်း)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှင်းပွင့်ဇကေရီ**(အပိုင်း-၁၈)
၁၀း၀၀	ကဏ္ဍာစုံလင် အားကစားအစီအစဉ် (Cheng Shin Tire 22nd Asian Cup 2009 Table Tennis Final)
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	Activities in the City (လက်ျာလင်းနိုင်ရဲ့ Silent Yellow ပန်းချီပြပွဲ)
၁၁း၅၀	သာသနာအလင်းဆောင်မည် ဓမ္မရောင်ခြည်
၁၂း၁၀	ဝါယာသာစည် လျှပ်စစ်မြစ်ရေတင် လုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက် နေသော ဇီးတောစံပြကျေးရွာ
၁၂း၃၅	လက်သည်းပန်းချီ(အပိုင်း-၂)
၁၂း၄၅	မန္တလာမြေမှ Diamond Plaza
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

✻ ရှေ့ဖုံးမှ

ပထမဦးစွာ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ စတင်ဖြစ်ပေါ်လာပုံကို အနည်းငယ်ရှင်းပြလိုပါကြောင်း၊ မိမိတို့ နိုင်ငံ့တာဝန် စတင်ယူခဲ့သည့် အချိန်မှာ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများကို ဦးစွာ ဆောင်ရွက်ခဲ့ရပါကြောင်း။

ဒို့တာဝန်အရေး(၃)ပါး

ဆက်လက်ပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးနှင့် နိုင်ငံရေး ဦးတည်ချက်၊ စီးပွားရေးဦးတည်ချက်၊ လူမှုရေးဦးတည်ချက်များကို ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါ ဦးတည်ချက်များအနက် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုသည့် လူမှုရေးဦးတည်ချက်နှင့်အညီ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ၁၉၉၃ခုနှစ်မှစ၍ နှစ်စဉ်မပျက်ကျင်းပလာခဲ့ရာ အကျိုးရလဒ်ကောင်းများ ရရှိခဲ့ပါကြောင်း။

တိုးပွား

နှစ်စဉ်ကျင်းပခဲ့သည့် ပြိုင်ပွဲကြီးများတွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ပြည်နယ်နှင့် တိုင်းများမှ ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဝင်ဦးရေမှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးပွားလျက်ရှိကြောင်း၊ နိုင်ငံတကာသို့ သွားရောက်၍ မိမိတို့၏ အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များကို သွားရောက်တင်ဆက်ပြသခဲ့ရာတွင်လည်း ပြည်ပနိုင်ငံများ၏ လေးစားချီးကျူးမှုများ ရရှိခဲ့သည့်အပြင် ဂုဏ်ပြုဆုများကိုလည်း ချီးမြှင့်အပ်နှင်းခြင်း ခံခဲ့ကြရပါကြောင်း။

ယဉ်ကျေးမှုဆိုသည့် အဓိပ္ပာယ်တွင် လူသားမျိုးနွယ်တစ်ခု၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ လူသားစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုနှင့် အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် လေ့ကျင့်ပျိုးထောင်မှုတို့လည်း အပါအဝင်ဖြစ်ပါကြောင်း၊ ဓလေ့ထုံးစံများ၏ အဆုံးအမအောက်တွင် ကိုယ်၊ နှုတ်၊ နှလုံးယဉ်ကျေးသိမ်မွေ့ခြင်း၊ သိမ်မွေ့နက်နဲသော ယဉ်ကျေးမှုအနုပညာများကို ခံစားနားလည်ဖန်တီးနိုင်စွမ်းရှိခြင်း၊ ထိုသို့သော အမွေကောင်းများကို တန်ဖိုးထားမြတ်နိုးပြီး ပိုးမွေးသကဲ့သို့ မွေးမြူ၍ အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့သည် ယဉ်ကျေးမှု၏ အနှစ်သာရများပင်ဖြစ်ပါကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

မြန်မာ့အနုသုခုမ ဂီတသဘင်၏ သမိုင်းသည် ပျူခေတ်ကစတင်ပြီး ကမ္ပည်းတင်ခဲ့သည်ကို တွေ့ရပါလိမ့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ မျိုးရိုးမူလဖြစ်သည့် ပျူ အနုပညာရှင်များ၏ အတွေးအမြင်ရင့်သန်မှု၊ တီထွင်ဖန်တီးနိုင်မှုများသည် အံ့မခန်း မြင့်မားခဲ့သကဲ့သို့ လက်ဆင့်ကမ်းသယ်ဆောင်ပြီး ဆင့်ကဲတိုးတက်အောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် ဘိုးဘေးဘီဘင်များ၏ စွမ်းပကားသည်လည်း လေးစားဖွယ်ရာဖြစ်ပါကြောင်း။

ယနေ့ဆိုလျှင် ကမ္ဘာပေါ်၌ သိပ္ပံနှင့်နည်းပညာ ထွန်းကားမှုအရှိန်အဟုန် မြင့်မားလာသည်နှင့်အမျှ ယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှုများသည်လည်း အတိုင်းအဆမရှိ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ နိုင်ငံတော်အတွင်း၌ ပြည်ပယဉ်ကျေးမှုများ လွှမ်းမိုးလာခဲ့လျှင် လူမျိုး၏ လက္ခဏာများသည် တစ်စတစ်စ ပျောက်ကွယ်သွားမည်ဖြစ်ပြီး တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တသည်လည်း ပျက်ယွင်းသွားမည်ဖြစ်ပါကြောင်း၊ နောက်ဆုံးတွင် မျိုးချစ်စိတ်ဓာတ်ပါ ဆိတ်သုဉ်းသွားပြီး လူမျိုးလည်း ပျောက်ကွယ်သွားနိုင်သည့်အတွက် မျိုးချစ်စိတ်ဓာတ်နှင့် ရိုးရာယဉ်ကျေးမှု မကွယ်ပျောက်စေရအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားရန် လိုအပ်ပါကြောင်း။

ယဉ်ကျေးမှု အနုသုခုမနယ်ပယ်သည် နယ်နိမိတ်သတ်မှတ်ပြီး မိမိလူမျိုးနှင့်မကိုက်ညီသည့် တိုင်းတစ်ပါး ယဉ်ကျေးမှုများကို ဝင်ခွင့်မပြု၍ရသော အခြေအနေ မဟုတ်ခြင်းကြောင့် အမျိုးသားယဉ်ကျေးမှု ကိုယ်ခံအားကောင်းအောင်သာ တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။

ပိုမိုအားပေး

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် အမျိုးသားရေးလုပ်ငန်းတာဝန်တစ်ရပ်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ၁၉၉၃ ခုနှစ်ကစပြီး နှစ်စဉ်ကျင်းပပေးလာခြင်းသည် ယခုဆိုလျှင် (၁၇)ကြိမ်မြောက် ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာသည့် ပြိုင်ပွဲဝင်ဦးရေနှင့် ၄င်းတို့၏ ယှဉ်ပြိုင်မှုစွမ်းရည်ကို ကြည့်ခြင်းအားဖြင့်လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း အသက်အရွယ်မရွေးသော တိုင်းရင်းသားတို့သည် ရိုးရာယဉ်ကျေးမှုအနုပညာရပ်များအပေါ် ပိုမိုလိုက်စား အားပေးလာသည်ကို တွေ့ရှိရခြင်းအားဖြင့်လည်းကောင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ရလဒ်များကို ခံစားနေရပြီဖြစ်ကြောင်းကို သိရှိရပါကြောင်း။

ထို့အပြင် ယမန်နှစ်ကစပြီး ခေတ်အကြိုက်တေးသီချင်းကဏ္ဍကို ထည့်ပေးခြင်းအားဖြင့် စတီရီယိုဟုခေါ်ကြသည့် ခေတ်ပေါ်ကဏ္ဍကို လက်တွဲခေါ်ယူလျက်ရှိပါကြောင်း၊ တီထွင်ဆန်းသစ်မှုဆိုခြင်းသည် ခေတ်ပေါ်နည်းပညာများနှင့် တူရိယာများကို အသုံးပြုပြီး ရိုးရာယဉ်ကျေးမှုကို ပိုမိုခမ်းနားထည်ဝါအောင် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ နောက်ပေါ် တေးရေးပညာရှင်များ၊ ဂီတပညာရှင်များက ခံစားနားလည်လာစေရန် ရည်ရွယ်ရင်းဖြစ်ပါကြောင်း၊ အမှန်မှာမူ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းသည် ခေတ်နောက်ပြန်ဆွဲခြင်း မဟုတ်ဘဲ ပိုမိုတန်ဖိုးမြင့်မားလာအောင် ဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း၊ သို့မှသာ ခေတ်လူငယ်များသည် ရေလိုက်မလွဲဘဲ မြန်မာ့မှု မြန်မာ့ဟန်လမ်းကြောင်းပေါ်က သွေဖည်ခြင်းရှိမည်မဟုတ်ကြောင်းကို ပြောကြားလိုပါကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

ယနေ့အစည်းအဝေးကို တက်ရောက်လာကြသည့် ပညာရှင်ကြီးများ၊ ဌာနဆိုင်ရာများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများစွာကို ဦးစီးကျင်းပခဲ့ကြသည့် အတွေ့အကြုံများရရှိခဲ့ကြပြီးဖြစ်၍ မိမိတို့၏အတွေ့အကြုံအရ အကြံကောင်း၊ ဉာဏ်ကောင်းများဖြင့် ပါဝင်ဆွေးနွေးပြီး ယခုနှစ် ပြိုင်ပွဲကြီးကို အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကြားပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပခဲ့မှုအခြေအနေများ၊ အတွေ့အကြုံများနှင့် ယင်းအတွေ့အကြုံများ အပေါ်မူတည်၍ (၁၇)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ပိုမိုပြည့်စုံကောင်းမွန်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ ပြိုင်ပွဲကျင်းပမည့်နေရာ၊ နေ့ရက်နှင့်အချိန်ရွေးချယ်လျာထားမှု၊ ပြိုင်ပွဲအတွက် သုံးစွဲကုန်ကျမည့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ် ခင်အောင်မြင့်က (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ လျာထားဦးတည်ချက်များ၊ ကော်မတီ၊ ဆပ်ကော်မတီများ၊ ဖွဲ့စည်းထားရှိမှုနှင့် ပြိုင်ပွဲကျင်းပရန် စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက ပြိုင်ပွဲအခမ်းအနားများ ကျင်းပမည့်နေ့ရက်၊ အချိန်နှင့်နေရာလျာထားမှု၊ ကျင်းပမည့်ပြိုင်ပွဲအမျိုးအစားများ၊ ဆုချီးမြှင့်မှုနှင့်အဆင့်များ သတ်မှတ်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက မိမိတို့သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆိုင်ရာ စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြိုင်ပွဲကဏ္ဍအလိုက် အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် ခေါင်းဆောင်များက ဘာသာရပ်အလိုက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရည်ရွယ်ကျင်းပ

ယင်းနောက် ပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကြီးများကို နှစ်စဉ်မပျက်ကျင်းပနေခြင်းသည် ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ ရိုးရာယဉ်ကျေးမှု ကိုယ်ခံအားကောင်းစေရန်၊ အမျိုးသားယဉ်ကျေးမှု မပျောက်ပျက် မတိမ်ကောစေရန်နှင့် အမြဲရှင်သန်နေစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပနေခြင်းဖြစ်၍ ပြိုင်ပွဲကျင်းပရေးရည်မှန်းချက်များ အပြည့်အဝအောင်မြင်စေရန် တာဝန်ရှိသူများ၊ ပညာရှင်ကြီးများနှင့် ပြိုင်ပွဲဝင်များအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရေး မှာကြားသည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် ပြိုင်ပွဲကျင်းပရေးနာယက အတွင်းရေးမှူး(၁)သည် တက်ရောက်လာကြသော သဘင်၊ ဂီတ အနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဦးတည်ချက်

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို (၁)အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ (၂)တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊ (၃)တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး၊ (၄)အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုးထိန်းသိမ်း စောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေးဟူသည့် ဦးတည်ချက် (၄)ရပ်ဖြင့် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ယဉ်ကျေးမှု အနုသုခုမနယ်ပယ်သည် နယ်နိမိတ် သတ်မှတ်ပြီး မိမိလူမျိုးနှင့် မကိုက်ညီသည့် တိုင်းတစ်ပါး ယဉ်ကျေးမှုများကို ဝင်ခွင့်မပြု၍ရသော အခြေအနေမဟုတ် ခြင်းကြောင့် အမျိုးသားယဉ်ကျေးမှု ကိုယ်ခံအားကောင်း အောင်သာ တည်ဆောက်ကြရမည်။

အကြမ်းဖက်ဝါဒ ပူးပေါင်းတိုက်ဖျက်ရေး တရုတ်နှင့်ရုရှားနှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်

ပေကျင်း ဇူလိုင် ၂၀

အကြမ်းဖက်ဝါဒကို ပူးပေါင်းကာကွယ်တိုက်ဖျက်ရန်အတွက် တရုတ်နှင့် ရုရှားတပ်ဖွဲ့များသည် ဇူလိုင် ၁၈ ရက်က စစ်ဘက်ဆိုင်ရာလေ့ကျင့်မှုများကို တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် မြို့တော်ရှင်းယန်၌ ပူးတွဲပြုလုပ်ခဲ့ကြကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။

စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၌ တရုတ်နှင့်ရုရှား မဟာဗျူဟာပူးပေါင်းဆောင်ရွက်လေ့ကျင့်မှုကိုလည်း ပြုလုပ်ခဲ့ကြသည်။

ယင်းသို့လေ့ကျင့်စဉ်အတွင်း နှစ် နိုင်ငံ တပ်ဖွဲ့များသည် တိုက်လေယာဉ် အစင်း ၃၀ ကို တပ်ဖြန့်ချထားပြီး မြေပြင်ရှိ ကြည်းတပ်ဖွဲ့များက တင့်ကားများနှင့် သံချပ်ကာကား ၁၀၀ ကျော်ကိုလည်း ဖြန့်ကြက်ထားခဲ့သည်။

လေတပ်နှင့် ကြည်းတပ်တပ်ဖွဲ့များသည် အကြမ်းဖက်သမားများအားတိုက်ခိုက်နည်း ဗျူဟာများကိုလည်း ပူးပေါင်းလေ့ကျင့်ခဲ့ကြသည်။

လေ့ကျင့်

ယင်းနှစ်နိုင်ငံသည် တစ်နှစ် နှစ်ကြိမ် ငြိမ်းချမ်းရေးမစ်ရှင်စွမ်းရည်များကိုစုပေါင်းမြှင့်တင်ခဲ့ကြပြီး ငြိမ်းချမ်းရေးခြိမ်းခြောက်မှုကို ဆန့်ကျင်ရန်နှင့် အကြမ်းဖက်သမားများ၊ခွဲထွက်ရေးသမားများနှင့် အစွန်းရောက်များအားနှိမ်နင်းရာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် လေ့ကျင့်ခဲ့ကြသည်။ (အင်တာနက်)

စစ်ရေးလေ့ကျင့်

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် ရှင်းယန်မြို့အနီးတွင် တရုတ်နှင့်ရုရှားတပ်ဖွဲ့ဝင်များ ပူးတွဲစစ်ရေးလေ့ကျင့်လျက်ရှိသည်ကို ဇူလိုင် ၁၈ ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီလက်ထရွန်နစ် အရောင်းဆိုင်

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အီလက်ထရွန်နစ်ပစ္စည်း အရောင်းဆိုင်ကြီးတစ်ဆိုင်၏ အတွင်းတစ်နေရာကို ဇူလိုင် ၂၀ ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကနေဒါ၌ တောမီးလောင်ကျွမ်း အိမ်ခြေ ၆၅၀၀ ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

ဗန်ကူးဗား ဇူလိုင် ၂၀

ကနေဒါနိုင်ငံ အနောက်ပိုင်း ဘီစီပြည်နယ်၌ တောမီးလောင်ကျွမ်းလျက်ရှိရာ နေအိမ်ကိုးလုံး မီးလောင်ပျက်စီး သွားခဲ့ပြီး အရေးပေါ်ကယ်ဆယ်သည့်အနေဖြင့် အိမ်ခြေ ၆၅၀၀ခန့်ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း ပြည်နယ်သစ်တော ဝန်ကြီးဌာနက ဇူလိုင် ၁၉ရက်တွင် သတင်းထုတ်ပြန်သည်။

လေနီကြမ်းများ တိုက်ခတ်ခြင်း၊ ရာသီဥတု ပူပြင်းခြောက်သွေ့ခြင်းတို့ကြောင့် တောမီးလောင်ကျွမ်းမှုမှာ ပိုမိုလျင်မြန်လာပြီး သစ်တောဟက်တာ၃၀၀၀ခန့် မီးလောင်ဆုံးရှုံးနိုင်ဖွယ်ရှိကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

ဘီစီပြည်နယ်၌ပင် လွန်ခဲ့သည့် ခြောက်နှစ်တာကာလ ဖြစ်သည့် ၂၀၀၃ ခုနှစ်ကလည်း တောမီးလောင်ကျွမ်းမှုကြောင့် နေအိမ် ၂၀၀ခန့် မီးလောင်ပျက်စီး သွားခဲ့ကြောင်း သိရသည်။ (အင်တာနက်)

တိုက်ပြိုကျ

ဘရာဇီးနိုင်ငံ တောင်ပိုင်းကာပေါ် ဒါကာနာမြို့၌ သုံးထပ်တိုက် ပြိုကျမှု ဖြစ်ပွားပြီးနောက် ရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည်ကို ဇူလိုင် ၁၉ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘရာဇီးတောင်ပိုင်း၌ သုံးထပ်တိုက်ပြိုကျ လေးဦးသေဆုံး ငါးဦးဒဏ်ရာရ

ရီယိုဒီဂျနေးရိုး ဇူလိုင် ၂၀

ဘရာဇီးနိုင်ငံတောင်ပိုင်းတွင် ဇူလိုင် ၁၉ရက် နံနက်ပိုင်းက သုံးထပ်တိုက်ခန်းတွဲ ပြိုကျမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်ရပ်သည် ရီယိုဂရန်ဒီဒိုဆူလ်ပြည်နယ် ပင်လယ်ကမ်းရိုးတန်းမြို့ဖြစ်သည့် ကာပေါ်ဒါကာနာမြို့၌ ယင်းနေ့နံနက်စောစောပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဆက်လက်ရှာဖွေ

ကယ်ဆယ်ရေးအဖွဲ့ဝင်များက အနံ့ခံခွေးများဖြင့် အဆောက်အအုံပျက်များအကြား ရှာဖွေမှုများ ဆက်လက်ပြုလုပ်လျက်ရှိသော်လည်း ပိတ်မိနေသူ၊ သေဆုံးနေသူများ မရှိနိုင်တော့ကြောင်း ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပြောကြားသည်။

အသက် ၃၁နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် သူမ၏ ငါးနှစ်အရွယ် သားငယ်မှာ အဆောက်အအုံပြိုကျမှုကြောင့် ရရှိသောဒဏ်ရာဖြင့် ဆေးရုံအရောက်တွင် သေဆုံးခဲ့သည်။ (အင်တာနက်)

ဟောက်ခွဲရေးပစ္စည်းများ ရာဖာမြို့မှ သိမ်းဆည်းရမိ

ရာဖာ ဇူလိုင် ၂၀

ဂါဇာကမ်းမြောင်နှင့် နယ်ချင်းစပ်နေသည့် ရာဖာမြို့တွင် အီဂျစ်အာဏာပိုင်များက ယမ်းဘီလူးကီလို ၅၀၀နှင့်စိန်ပြောင်း ၁၀ခုကို ဇူလိုင် ၁၈ ရက်က တွေ့ရှိ၍ သိမ်းဆည်းလိုက်ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ပြောကြား

အဆိုပါ ဖောက်ခွဲရေးပစ္စည်းများနှင့် စိန်ပြောင်းများကို နှစ်နေရာမှ သိမ်းဆည်းရမိလိုက်ခြင်းဖြစ်သည်ဟုလည်း အမည်မဖော်လိုသူက ဆင်ဟွာသို့ ပြောကြားသည်။ အမ်အင်န်အေ၊ ဆင်ဟွာ

တရုတ်စက်မှုကုန်ထုတ်လုပ်ငန်း ငွေ့လ၌ ၁၀ ရာခိုင်နှုန်းကျော် တိုးမြှင့်ထုတ်လုပ်

ပေကျင်း ဇူလိုင် ၂၀

တရုတ်နိုင်ငံအတွင်းရှိ စက်မှုကုန်ထုတ်လုပ်ငန်းများ၏ ကုန်ပစ္စည်းများထုတ်လုပ်မှုသည် ယခုနှစ်စကထက် ၁၀ ဒသမ ၇ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ကြောင်း၊ မေလနှင့်နှိုင်းယှဉ်လျှင် ၈ဒသမ၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း တရုတ်အမျိုးသား စာရင်းအင်းဌာနက ဇူလိုင် ၁၉ရက်တွင် သတင်းထုတ်ပြန်သည်။

နှစ်ဆထုတ်

ကမ္ဘာ့စီးပွားရေး ကျဆင်းနေချိန်၌ တရုတ်စီးပွားရေးပြန်လည် ဦးမော့လာရေး အစီအစဉ်အဖြစ် တရုတ်အစိုးရက အမေရိကန်ဒေါ်လာ ၅၈၈ ဒသမ ၂၄ ဘီလီယံ သုံးစွဲခဲ့သည့်အတွက် ဇွန်လအတွင်း စက်မှုကုန်ထုတ် လုပ်ငန်းတွင် ၂၀၀၈ခုနှစ် စက်တင်ဘာလကထက် နှစ်ဆပိုမို ထုတ်လုပ်နိုင်ခဲ့ကြောင်းသိရသည်။ (အင်တာနက်)

အင်ဒိုနီးရှား၌ ငလျင်လှုပ်

ဂျကာတာ ဇူလိုင် ၂၀

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီ ၃၇မိနစ်က အင်အား ၅ဒသမ ၆အဆင့်ရှိ ငလျင်လှုပ်သွားခဲ့ကြောင်း အင်ဒိုနီးရှား မိုးလေဝသ အေဂျင်စီက သတင်းထုတ်ပြန်သည်။

အနောက် နူဆာတန်ဂါရာပြည်နယ် ဆမ်ဘာဝါကျွန်းမှ အရှေ့တောင်ဘက် ကီလိုမီတာ ၆၀အကွာ မြေအောက် ၂၁ ကီလိုမီတာကို ဗဟိုပြု လှုပ်သွားခဲ့ကြောင်း ဖော်ပြသည်။

ယင်းငလျင်ကြောင့် ပျက်စီးမှုနှင့် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

(အင်တာနက်)

ရေလွှမ်း

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှု ဖြစ်ပွားလျက်ရှိသည်ကို ဇူလိုင် ၁၉ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်၌ မုတ်သုံမိုးသည်းထန်စွာရွာသွန်း ရေလွှမ်းမှုဖြစ်ပွား၍ ၂၆ ဦးသေဆုံး

ကရာချိ ဇူလိုင် ၂၀

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့၌ မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၂၆ဦးသေဆုံးခဲ့ကြောင်း သက်ဆိုင်ရာအရာရှိများက ဇူလိုင် ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။ သေဆုံးသူအများစုမှာ နံရံများပြိုကျမှုနှင့် ဓာတ်လိုက်မှုကြောင့် သေဆုံးကြခြင်းဖြစ်သည်ဟု သတင်း၌ဖော်ပြသည်။

ယင်းနေ့ညပိုင်းက မိုးသည်းထန်မှုကြောင့် ကရာချိမြို့၏ အနိမ့်ပိုင်းဒေသများတွင် ရေလွှမ်းမှုဖြစ်ပွားပြီး မြို့၏နေရာအများစုတွင် လျှပ်စစ်မီးများဖြတ်တောက်ခဲ့ကြောင်း၊ သို့သော်လည်း တဖြည်းဖြည်း ပုံမှန်အတိုင်း လျှပ်စစ်မီးပြန်ပေးနိုင်အောင်ဆောင်ရွက်ပြီးကြောင်း ယင်းသတင်း၌ဆက်လက်ဖော်ပြသည်။

ပြောကြား

ပါကစ္စတန်နိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးမှုများကို ကြုံတွေ့ရလေ့ရှိသည်။ ယင်းနေ့က ကရာချိမြို့တွင် မိုးရေချိန်ခြောက်လက်မ ရွာသွန်းခဲ့ကြောင်း ပါကစ္စတန် မိုးလေဝသနှင့်ဇလဗေဒဌာနအကြီးအကဲက ပြောကြားသည်။ (အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

ဖိလစ်ပိုင်တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကိုတာဘာတိုမြို့တွင် ဇူလိုင် ၂၀ ရက် မွန်းတည့် ၁၂နာရီခန့်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရှစ်ဦးဒဏ်ရာရရှိပြီး အနီးရှိ နေအိမ်အဆောက်အအုံအချို့ ပျက်စီးသွားကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

ရုရှား၌ ယာဉ်မတော်တဆဖြစ်၍ ရှစ်ဦးသေဆုံး

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ နိုဗိုစီဘရစ်အရပ်တွင် ဇူလိုင် ၂၀ ရက် နံနက်က ခရီးသည်တင် ဘတ်စ်ကားတစ်စီး လမ်းဘေးထိုးကျခဲ့ရာ ရှစ်ဦးသေဆုံးပြီး ၃၈ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

မွန်ဂိုလီးယားအနောက်ပိုင်း၌ ရေလွှမ်း

မွန်ဂိုလီးယားနိုင်ငံ အနောက်ပိုင်း ဂိုဘီအယ်တာရီပြည်နယ် အုလန်ဘာတာမြို့၌ ဇူလိုင် ၂၀ရက် နံနက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပွားပြီး နေအိမ်များ ရေနစ်မြုပ်ကာ ဒေသခံ ၂၆ဦး သေဆုံးခဲ့ကြောင်း မွန်ဂိုလီးယားနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးဌာနမှ သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေး ပြန်လည်မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေး ပြန်လည်မြင့်တက်လျက်ရှိရာ တရုတ်နိုင်ငံတွင် ဇူလိုင်၂၀ရက် ဈေးကွက်ပိတ်ချိန်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၄၆ဒသမ ၈၆ဒေါ်လာရှိခဲ့ကြောင်း တရုတ်နိုင်ငံမှ ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။



ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းတိုက်ခတ် ငါးဖမ်းသမား ၂၅ဦး ပျောက်ဆုံး

*ဘင်္ဂလားပင်လယ်အော်တွင် ဇူလိုင် ၂၀ရက်က မုန်တိုင်းတိုက်ခတ်ခဲ့ရာ ဘင်္ဂလားဒေ့ရှ် ငါးဖမ်းသမား ၂၅ဦး ပျောက်ဆုံးပြီး ငါးဖမ်းစက်လှေ အများအပြား နစ်မြုပ်ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)***

ဗီယက်နမ်၌ A(H1N1) ဖြစ်ပွားသူ ၃၈၃ဦးရှိ

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ဇူလိုင် ၂၀ရက်က A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားသူ တစ်ဦးတွေ့ရှိသဖြင့် ဆေးရုံသို့ အမြန်တင်ပို့ခဲ့ရကြောင်း၊ ဗီယက်နမ်နိုင်ငံတစ်ဝန်း၌ ယင်းတုပ်ကွေးရောဂါဖြစ်ပွားသူ ၃၈၃ဦး ရှိပြီဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ဂျကာတာမြို့၌ ဗုံးထပ်မံခွဲမည်ဟုခြိမ်းခြောက်

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဇူလိုင် ၁၇ရက်က ဟိုတယ်များအနီး၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွားပြီးနောက် ဇူလိုင်၂၀ရက် နံနက်က နောက်ထပ်ဟိုတယ်နှစ်လုံးကို ဗုံးခွဲတိုက်ခိုက်မည်ဟူသော ခြိမ်းခြောက်စာတစ်စောင်ကို လက်ခံရရှိခဲ့သဖြင့် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသ၌ ဥမင်လိုဏ်ခေါင်းပြိုကျ

***ပါလက်စတိုင်း ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း ရာဖာမြို့နှင့် အီဂျစ်နိုင်ငံနယ်စပ်ကို ဆက်သွယ်ဖောက်လုပ်ထားသော မြေအောက် ဥမင်လိုဏ်ခေါင်းတစ်ခု ဇူလိုင် ၂၀ရက်က ပြိုကျခဲ့ရာ လူငယ်တစ်ဦးသေဆုံးခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။** (အောက်ပုံ)*



● *ကျော်ဖုံးမှ*

တက္ကသိုလ် ပင်မအဆောက်အအုံ၏ ဒုတိယထပ်သို့ တက်ရောက်ခဲ့ရာ နည်းပညာတက္ကသိုလ်(ပုသိမ်)ကျောင်းအုပ်ကြီး ဒေါက်တာကျော်သူရနှင့် တွေ့ဆုံကာ သိလိုသည့်အချက်များကို မေးမြန်းဖြစ်သည်။

"နည်းပညာတက္ကသိုလ်(ပုသိမ်) ကို ဒီနေရာမှာ ၂၀၀၂ခုနှစ် ဩဂုတ် ၁ရက်က စတင်ဖွင့်လှစ်ခဲ့တာပါ"
ဒေါက်တာကျော်သူရ
ကျောင်းအုပ်ကြီး

ရှင်းပြ

"နည်းပညာတက္ကသိုလ် (ပုသိမ်)ကို ၁၉၉၉-၂၀၀၀ခုနှစ်အတွင်း ပုသိမ်မြို့ လွန်ကန်ရပ်ကွက်မှာရှိတဲ့ အရင်က သမဝါယမ သင်တန်းကျောင်းမှာ ဖွင့်လှစ်ခဲ့တာပါ။၂၀၀၀-၂၀၀၁ခုနှစ်မှာတော့ အခုဒီနေရာကို ပြောင်းရွှေ့ပြီး တက္ကသိုလ်ကျောင်းဆောင်တွေ ဆောက်လုပ်ခဲ့တာဟာ ၂၀၀၂ခုနှစ် ဩဂုတ် ၁ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါတယ်။ လက်ရှိ တက္ကသိုလ်ရဲ့အကျယ်အဝန်းက ၂၇ဒသမ ၄၅ဧက ရှိပါတယ်"ဟု ကျောင်းအုပ်ကြီး ဒေါက်တာကျော်သူရက သတင်းအဖွဲ့သို့ ရှင်းပြသည်။

နည်းပညာတက္ကသိုလ်(ပုသိမ်)

နည်းပညာတက္ကသိုလ်(ပုသိမ်)တွင် ယခုနှစ်ပညာသင်ကာလ၌ မြို့ပြအင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်ဆက်သွယ်ရေးအင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာသင်တန်း၊ စက်မှုစွမ်းအားအင်ဂျင်နီယာသင်တန်း၊ စီအင်န်စီသင်တန်း၊ စက်မှုအီလက်ထရွန်နစ်အင်ဂျင်နီယာသင်တန်း၊ သုတနည်းပညာသင်တန်းနှင့် ဇီဝနည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

"၂၀၀၉ ခုနှစ် မတ် ၁၅ ရက်အထိ အေဂျီတီအိုင် သင်တန်းအသီးသီးမှာ ကျောင်းသား ၃၇၈ ဦးရှိပြီး ကျောင်းသူ ၂၂၅ဦး ရှိပါတယ်။စုစုပေါင်း အေဂျီတီအိုင် ကျောင်းသား ၆၀၃ဦးကို ပညာသင်ကြားပေးနေပါတယ်။ B.Tech သင်တန်းအသီးသီးမှာတော့ ကျောင်းသား ၂၀၁ဦးနဲ့ ကျောင်းသူ ၁၄၅ဦး သင်ကြားပေးနေပြီး ဘီအီး သင်တန်းတွေမှာတော့ ကျောင်းသား ၅၂ဦးနဲ့ ကျောင်းသူ ၄၃ ဦး သင်ကြားနေပါတယ်။ မဟာဘွဲ့သင်တန်းတွေမှာတော့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၆ဦး တက်ရောက် ပညာသင်ကြားနေပါတယ်"ဟု ၎င်းက ဆက်လက် ရှင်းပြသည်။

ဖွဲ့စည်းတည်ဆောက်

နည်းပညာတက္ကသိုလ်(ပုသိမ်)တွင် စာသင်ခန်း ၃၆ခန်း၊ သက်ဆိုင်ရာဌာနအလိုက် လက်တွေ့ခန်း ခုနစ်ခန်း၊ ကွန်ပျူတာခန်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ကျောင်းအုပ်ကြီး အပါအဝင် ဝန်ထမ်း စုစုပေါင်း ၂၀၅ ဦးဖြင့် ပညာသင်ကြားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

နည်းပညာတက္ကသိုလ် (ပုသိမ်)သို့ ဧရာဝတီတိုင်းအတွင်းမှ ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်၊ လပွတ္တာခရိုင်နှင့် မအူပင်ခရိုင်တို့မှ ကျောင်းသား ကျောင်းသူများ လာရောက် ပညာသင်ကြားလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်နှင့် တိုင်းအသီးသီးတွင် တက္ကသိုလ်နှင့် ကောလိပ်များကို တိုးချဲ့တည်ဆောက်ဖွင့်လှစ်ပေးခဲ့သဖြင့် ပညာရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားအောင် ဆောင်ရွက်နိုင်ခဲ့သည်။

လွယ်ကူစွာသင်ကြား

ဧရာဝတီတိုင်းအတွင်း နည်းပညာတက္ကသိုလ်(ပုသိမ်)ကို တည်ဆောက်ပေးနိုင်ခြင်းသည် ဒေသခံလူငယ်များ အဆင့်မြင့်နည်းပညာနှင့် အတတ်ပညာများကို လွယ်ကူစွာ သင်ကြားနိုင်ခွင့် ရရှိစေခဲ့ပြီဖြစ်ရာ တိုင်းရေး၏ ဂုဏ်ဒြပ်ကို ထင်ဟပ်စေသည့် နည်းပညာတက္ကသိုလ်ပင် ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်နှင့်တိုင်းအသီးသီးတွင် တက္ကသိုလ်နှင့် ကောလိပ်များကို တိုးချဲ့တည်ဆောက်ဖွင့်လှစ်ပေးခဲ့သဖြင့် ပညာရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားအောင် ဆောင်ရွက်နိုင်ခဲ့။

အထက(၂) ဗိုလ်တထောင်(စိန့်ဖိလစ်) ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

အထက(၂)ဗိုလ်တထောင်(စိန့်ဖိလစ်)ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးနှင့် ဩဝါဒခံယူပွဲကို ဩဂုတ် ၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက (၂) ဗိုလ်တထောင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမူ (ငြိမ်း) ဖုန်း-၅၅၈၁၄၅၊ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမိုးသူ ဖုန်း-၂၉၁၅၂၃၊ ဦးအောင်ချိုဦး ဖုန်း-၀၉-၅၁-၄၈၃၄၉၊ ဦးမောင်မောင်စိုး ဖုန်း-၀၉-၅၁-၇၅၀၀၉၊ ဦးတင့်လွင်ဦး ဖုန်း-၀၉-၈၅-၀၂၄၂၁၊ ဦးသီဟန် ဖုန်း-၀၉-၅၀-၁၆၅၃၁၊ ဦးအောင်ကျော်မြင့် ဖုန်း-၀၉-၅၀-၄၇၄၄၂၊ ဒေါ်သီသီလွင် ဖုန်း-၀၉-၅၁-၅၈၁၅၉ နှင့် ဒေါ်မီမီမောင် ဖုန်း-၀၉-၅၁-၃၀၉၂၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၁၃၅)

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးတွင်းကာလ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး၊ ခြင်အန္တရာယ်ကင်းရှင်းရေးအတွက် အဖွဲ့ပိုင်အဆောက်အအုံများအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇူလိုင် ၇ရက်က (ခေတ္တ) အမှုဆောင်အရာရှိ ဦးညွန့်ဝင်းက ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လားရှိုး ပြန်/ဆက်ဦးစီးဌာန စာဖတ်ဝိုင်းကျင်းပ

လားရှိုး ဇူလိုင် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာဖတ်ဝိုင်းကို ယနေ့နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာဖတ်ခန်း၌ ကျင်းပသည်။

ရှင်းလင်း

စာဖတ်ဝိုင်းတွင် ဇူလိုင် ၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၈)ပါ ဆောင်းပါးရှင် လေ့လာသူတစ်ဦး၏ **"ကြိုးရှုပ်တာရှင်းရင်းနဲ့ မိုးအလင်းထိ မကနိုင်တဲ့ဇာတ် တစ်ခန်းရပ်ဖို့ အချိန်တန်ပြီ"** ဆောင်းပါးကို ခရိုင်ဦးစီးအရာရှိ ဦးဝင်းရိန်၊ ပြည်နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးစိုင်းထွန်းလှိုင်၊ မြို့နယ်ဦးစီးမှူး ဒေါ်နန်းခင်ညွန့်နှင့် ဝန်ထမ်းများက အလှည့်ကျ ဖတ်ကြားရှင်းလင်းကြသည်။

ဆွေးနွေး

ထို့နောက် ဆောင်းပါး တစ်ပုဒ်လုံး ဖတ်ကြားရှင်းလင်းပြီးနောက် ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက ဆောင်းပါးအပေါ် အသေးစိတ်ဆွေးနွေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

○ *ကျော်ဖုံးမှ*

ကာကွယ်နိုင်

ကာရာအိုကေသီဆိုမှုကို ကိုယ်လက်လှုပ်ရှားစွာ သီဆိုလေ့ရှိသူ ၂၀၀၀ ကို သုံးနှစ်ကြာ သုတေသနပြုခဲ့ရာ နှလုံးရောဂါ၊ သွေးတိုးရောဂါနှင့် စိတ်ကျရောဂါများဖြစ်ပွားမှု လွန်စွာနည်းသည်ကို တွေ့ရှိရသဖြင့် ယင်းရောဂါများအား ကာကွယ်နိုင်ကြောင်း သိရသည်။

ထို့အပြင် နှလုံးသွေးကြောပိတ်ရောဂါနှင့် သွေးတိုးရောဂါများလည်း ဖြစ်ပွားမှုနည်းပါးကြောင်း၊ သီတင်းတစ်ပတ်လျှင် အနည်းဆုံး နှစ်ကြိမ်ခန့် သီဆိုပေးသင့်ပြီး ဖြစ်နိုင်ပါက သီတင်းတစ်ပတ်လျှင် အနည်းဆုံး သုံးကြိမ်သီဆိုပေးသင့်သည်ဟု ဗြိတိသျှဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ခုနှစ် ဝါဆိုလပြည့်ကျော် ၁၅ရက် (ဥပုသ်နေ့)
၂၁-၇-၂၀၀၉ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	**မြတ်ဂုဏ်တော်သခင်** သန်းမြတ်စိုး (တေးရေး-မောင်မောင်လတ်)
၇း၄၅	၅။	မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း)
၈း၀၅	၆။	သံသာချိုအေးမင်္ဂလာတေး
၈း၂၀	၇။	အတီးပြိုင်ပွဲ
၈း၄၀	၈။	International News
၈း၄၅	၉။	Islands of Dhamma
၈း၅၀	၁၀။	ဘဒ္ဒန္တကုဏ္ဍလဇောတိ (အဘိဓဇမဟာရဋ္ဌဂုရု) ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက် ပြည်မြို့ ပဲခူးတိုင်း(အနောက်ပိုင်း)ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၀	၂။	အကပြိုင်ပွဲ
၄း၂၀	၃။	ကြေးမုံရိပ်သွင်တေးနှယဉ်
၄း၂၅	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၃၅	၅။	ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဉ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက-၁၊ မော်ဘီ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄း၅၅	၆။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီပွားရေးပညာ)
၅း၁၀	၇။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅	၈။	**ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာ အားကိုးကြ**
၅း၄၀	၉။	တေးဂီတအစီအစဉ်
၅း၅၀	၁၀။	**ဦးခိုက်ဖူးမြော် ရွှေမော်ဓော စေတီတော်**
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၃၀	၁၂။	မိုးလေဝသအခြေအနေ
၆း၃၅	၁၃။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀	၁၄။	ဆိုလိုက်ကြစို့
၇း၂၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **သမက်အလိုရှိသည်** (အပိုင်း-၂၄) (ဇာတ်သိမ်းပိုင်း)
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ (အပိုင်း-၁၃)**
	၂၀။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

21-7 (05).pmd 1 7/21/2009, 2:37 AM

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့တက်ရောက်

နေပြည်တော် ဇူလိုင် ၂၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ စစ်ကိုင်းတိုင်းအတွင်းရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ဇူလိုင် ၁၈ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ ပင်စင်ဦးစီးဌာနနှင့် မြန်မာ့အသေးစားချေးငွေလုပ်ငန်းတို့မှ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း ဌာနအလိုက် လုပ်ငန်းလျာထား ရည်မှန်းချက်၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့က အမှာစကား ပြောကြားကြသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဝန်ကြီးသည် မုံရွာမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပင်စင်ဦးစီးဌာန၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန် ဦးစီးဌာနနှင့် မြန်မာ့အာမခံလုပ်ငန်းတို့၏ တိုင်း၊ ခရိုင်၊ မြို့နယ်ရုံးများနှင့် မြင်းမူမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်(**အပေါ်ပုံ**)၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း မြို့နယ်ရုံးခွဲနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲ သံတောင်ကြီး၌ကျင်းပ

သံတောင်ကြီး ဇူလိုင် ၂၀

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို သံတောင်ကြီးမြို့နယ် သစ်တောဦးစီးဌာနကကြီးမှူး၍ ဇူလိုင်၁၂ရက် နံနက် ၈နာရီခွဲက သံတောင်ကြီးမြို့ အထက်တန်းကျောင်းတွင်လည်းကောင်း၊ ယင်းနေ့ နံနက် ၁၀ နာရီက ပျားစခန်းကျေးရွာ အလယ်တန်းကျောင်းတွင်လည်းကောင်း ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောခူးရီက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးပေါ်မောင်က သစ်ပင်စိုက်ပျိုးမှုနှင့် ပတ်သက်၍ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျဉ်းကတိုး၊ ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ ယမနေ၊ ကံ့ကော်၊ ခရေ၊ ရေတမာ၊ စွယ်တော်၊ ချယ်ရီ စုစုပေါင်း အပင် ၆၅၀ ကို တပျော်တပါး စိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင်များ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ Japan-East Asia Network of Exchange for Students and Youths (JENESYS) အစီအစဉ်ဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင် မျိုးဆက်သစ်အင်ဂျင်နီယာများနှင့် အသင်းဝင်အင်ဂျင်နီယာ ကျောင်းသူ ကျောင်းသားများသည် အောက်တိုဘာ ၅ရက်မှ ၁၅ရက်အထိ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီး သွားရောက်မည်ဖြစ်သည်။

ချစ်ကြည်ရေးခရီး

အဆိုပါချစ်ကြည်ရေးလေ့လာရေးခရီးစဉ်တွင် လိုက်ပါလိုသော အင်ဂျင်နီယာများနှင့် အင်ဂျင်နီယာ ကျောင်းသူ ကျောင်းသားများသည် ဇူလိုင် ၁၈ရက်မတိုင်မီ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင်ဖြစ်ရန်၊ အောက်တိုဘာ ၁၅ရက်တွင် အသက် ၃၀ထက် မကျော်သူများဖြစ်ရန်၊ ဘီအီးကျောင်းသူကျောင်းသားများနှင့် ဘီအီးဘွဲ့နှင့်အထက် ရရှိသူများ ဖြစ်ရန်နှင့် ပြင်ပပုဂ္ဂလိကအင်ဂျင်နီယာများဖြစ်ရန်လိုကြောင်း သိရသည်။

လျှောက်ထားသူများသည် ဩဂုတ် ၄ရက်၌ အင်္ဂလိပ်ဘာသာရပ်နှင့် Fundamentals of Engineering ဘာသာရပ်များကို ဖြေဆိုရမည်ဖြစ်ပြီး ယင်းဘာသာရပ်များအတွက် ပြဋ္ဌာန်းချက်များကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၌ စုံစမ်းရယူနိုင်သည်။

ဆက်သွယ်စာရင်းပေး

ဂျပန်-မြန်မာအင်ဂျင်နီယာများ၏ ချစ်ကြည်ရေး ပိုမိုတိုးတက်ခိုင်မာစေရန် ဦးတည်ချက်ဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက စီစဉ်သော အဆိုပါချစ်ကြည်ရေး၊ လေ့လာရေးခရီးစဉ်တွင် လိုက်ပါလိုသောအင်ဂျင်နီယာများနှင့် အင်ဂျင်နီယာကျောင်းသူ ကျောင်းသားများသည် ဇူလိုင် ၃၁ရက်ထက် နောက်မကျစေဘဲ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၉ ခုနှစ် တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေ ၄နာရီတွင် နေပြည်တော်အားကစားကွင်း၊ နေပြည်တော်ပျဉ်းမနား(ပေါင်းလောင်း) အားကစားကွင်းနှင့် နေပြည်တော်လယ်ဝေး အားကစားကွင်းတို့၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာ ကွင်းအသီးသီး၌ ယှဉ်ပြိုင်ကစားကြမည့် ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

(ဂ)အုပ်စု

နေပြည်တော်အားကစားကွင်း၌ ကျင်းပသော ပွဲစဉ်တွင် (ဂ)အုပ်စုမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သတ္တုတွင်းဝန်ကြီးဌာနအသင်းက ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

နေပြည်တော်ပျဉ်းမနား (ပေါင်းလောင်း)အားကစားကွင်း၌ ကျင်းပသော ပွဲစဉ်တွင် (ဂ)အုပ်စုမှ သာသနာရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာနအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

(ဃ)အုပ်စု

နေပြည်တော်လယ်ဝေးအားကစားကွင်း၌ ကျင်းပသောပွဲစဉ်တွင် (ဃ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဇူလိုင်၂၁ရက် ညနေ၄နာရီတွင် နေပြည်တော်အားကစားကွင်း၌ (ဃ)အုပ်စုမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပျဉ်းမနား (ပေါင်းလောင်း)အားကစားကွင်း၌ (င)အုပ်စုမှ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းနှင့် တရားရုံးချုပ်အသင်း၊ နေပြည်တော်လယ်ဝေး အားကစားကွင်း၌ (င)အုပ်စုမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမာရွတ် အထက(၂) အာစရိယပူဇော်မည်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဇူလိုင် ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အဆိုပါကျောင်း တေဇခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင် ကျောင်းသား ကျောင်းသူများအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရှိသည်။

(သတင်းစဉ်)

လူတုပ်ကွေးကပ်ရောဂါ စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်း နေပြည်တော်လေဆိပ်၌ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၂၀

နေပြည်တော်လေဆိပ်၌ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကူးစက်ရောဂါတိုက်ဖျက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အမှာစကားပြောကြားရာတွင် ဇူလိုင် ၆ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကြေညာချက်အရ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် နိုင်ငံပေါင်း ၁၃၅ နိုင်ငံ၌ ဖြစ်ပွားလျက်ရှိပြီး လူပေါင်း ၉၄၅၁၂ ဦးသို့ ကူးစက်ကာ ၄၂၉ ဦး သေဆုံးခဲ့သည်ဟု သိရှိရကြောင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုသည့် လုပ်ငန်းကို နိုင်ငံတကာမှ ခရီးသည်များ အဝင်အထွက်ရှိသည့် လေဆိပ်နှင့် ဆိပ်ကမ်းများ၊ နယ်စပ်ဝင်ပေါက်များ၌ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် နိုင်ငံတကာခရီးသည်များ တိုက်ရိုက်ဝင်ရောက်သည့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် အဓိကထား ဆောင်ရွက်လျက်ရှိပြီး ပုဂံညောင်ဦး၊ ဟဲဟိုးလေဆိပ်များတွင်လည်း ဆောင်ရွက်လျက်ရှိကြောင်း။

ညှိနှိုင်းဆောင်ရွက်

အလားတူ နေပြည်တော်လေဆိပ်တွင်လည်း ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေ ချောမွေ့နိုင်ရေးအတွက် သက်ဆိုင်ရာဌာနပေါင်းစုံက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော နိုင်ငံခြားသားများနှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးနိုင်ရန် သက်ဆိုင်ရာ နီးနွယ်သော ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများက ပူးပေါင်း၍ ညှိနှိုင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)က ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းများကို တင်ပြဆွေးနွေးသည်။

ယင်းနောက် ကူးစက်ရောဂါ တိုက်ဖျက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲကြပ်မတ်လျက်ရှိသည်။

အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေးအာမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ
၁။	Mustab Tablet (Paracetamol 500mg, Orphenadrine Citrate 30 mg)	New Life Pharma Co.,Ltd. Thailand.
၂။	Asmapax depot Tablet (Ephedrine Hydrochloride IP 50 mg, Theophylline IP 65 mg)	Piramal Healthcare Ltd. India.
၃။	Vitamins With Minerals Tablets(21)	Jiangxi Kangbao Medicine Bio-Tech Co., Ltd.
၄။	Nature Made Fish Oil 1200mg Soft Gel. (Omega 3)	Distributed by Nature Made Nutrition Products,USA
၅။	Centrum New Formula Tablet (Multivitamin, Multimineral Supplement)	Marketed by Wyeth Consumer Healthcare,USA

အများပြည်သူတို့အနေဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ ဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ဟားခါး၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၉ရက် နံနက်စနာရီက ဟားခါးမြို့ ရှန်းတောင်ရေဝေရေလဲ၌လည်းကောင်း၊ နံနက် ၉ နာရီက တပ်ရေယာ၌လည်းကောင်း ကျင်းပရာ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်ငိုင်းနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၀၀၀ ကျော်တို့က ရေသင်းဝင်၊ ယူကလစ်၊ စိန်ပန်းနှင့်ချယ်ရီပင် အပင်ပေါင်း ၈၇၀၀ကို စုပေါင်းစိုက်ပျိုးခဲ့သည်။ (ပြည်နယ် ပြန်/ဆက်)

တောင်သူများအား နည်းပညာပေး သင်တန်းဖွင့်

မန္တလေးတိုင်း အမရပူရမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ကြီးမှူးကျင်းပသည့် တောင်သူနည်းပညာပေးသင်တန်းဖွင့်ပွဲကို ဇွန် ၂၉ရက် နံနက် ၁၀နာရီက နတ်ရေကန်ရှေ့တန်းအမှတ်(၃) ပညာပေးစခန်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း နေပြည်တော်(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ(စိုက်ပညာ)ဦးလှကြီးက အမှာစကားပြောကြားပြီး တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးကျော်သိန်းနှင့် ခရိုင်မန်နေဂျာ ဦးကျော်မြင့်တို့က သီးနှံစိုက်ပျိုးရာတွင် မျိုးကောင်း၊ မျိုးသန့်ရွေးချယ်၍ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးရန်နှင့် မြေသြဇာများ စနစ်တကျသုံးစွဲတတ်ရေးတို့ကို ရှင်းလင်းပြောကြားသည်။ (၀၈၀)

မိုးညှင်း၌ ကျန်းမာရေးပြုစုနည်း သင်တန်းဖွင့်

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် HIV လူနာ အိမ်တိုင်ရာရောက် ကျန်းမာရေးပြုစုနည်းသင်တန်းကို ဇွန် ၁၈ရက် မွန်းလွဲ ၁နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်ဇာမြတ်ထွေးက အဖွင့်အမှာစကားပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေးကာကွယ်ရေး သံတွဲ၌ ခြင်ဆေးဖျန်း

သံတွဲမြို့ ရပ်ကွက်များအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ရာ မေ ၃၀ရက် နံနက်က မြို့နယ်ဥက္ကဋ္ဌဦးမြတ်ကျော်၊ ခရိုင်ကျန်းမာရေးဦးစီးမှူးဒေါက်တာတင့်ရွှန်းနှင့် မြို့မကျန်းမာရေးကြီးကြပ်မှုကော်မတီဝင်များက လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ ဘော်လခဲ၌ ကျင်းပ

ဘော်လခဲခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၉နာရီက ခရိုင်အသင်းရုံး၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားလှိုင်က အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများ ဟောပြောပြီး ဆက်လက်၍ ၂၀၀၈-၂၀၀၉ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် နှစ်ချင်းပေါက်အောင်မြင်သော ကျောင်းသူနှစ်ဦးအား ဆုများချီးမြှင့်ပေးခဲ့သည်။

(ခရိုင် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး ရေစကြို၌ဆောင်ရွက်

မကွေးတိုင်း ရေစကြိုမြို့ အမှတ်(၄)နယ်မြေ ဖောင်တော်ဦးရပ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု သံသယရှိမှုကြောင့် ဇူလိုင် ၉ ရက်က မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးရာ ပိုးများတွေ့ရှိရသဖြင့် မြို့ပေါ်အမှတ် (၈) နယ်မြေရှိ ရပ်ကွက်နေအိမ်များ၌ သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ကျန်းမာရေးဌာနက ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်၍ ပညာပေးဟောပြောမည်ဟု သိရသည်။

(၀၆၉)

ပညာသင်ဆုချီးမြှင့်ပွဲ သီပေါ၌ ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပညာသင်ဆုချီးမြှင့်ရေးအဖွဲ့က ကြီးမှူး၍ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် အခြေခံပညာအထက်တန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုချီးမြှင့်ပွဲကို ဇူလိုင်၁၀ရက် နံနက်၁၀နာရီက အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ သီပေါမြို့နယ်ဥက္ကဋ္ဌဦးခင်ကြည်က အမှာစကားပြောကြားပြီး ပညာသင်ဆုရရှိသည့် ကျောင်းသား ကျောင်းသူ၂၂ဦးတို့အား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆု ပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေကလောသမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ ရွှေကလောအထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း (လီမိတက်)၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက မြို့လယ်မဏ္ဍပ်၌ ကျင်းပရာ အသင်းအမှုဆောင်အဖွဲ့အစီရင်ခံစာ၊ အသင်းသားစာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းတို့ကို အတည်ပြုကြပြီး အသင်းဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အတွင်းရေးမှူးဦးစိန်ဝင်းတို့ ပါဝင်သော အမှုဆောင်အဖွဲ့နှင့် အသင်းသား စာရင်းစစ်နှစ်ဦးတို့ကို ရွေးချယ်ကြသည်။ (၀၂၄)

ဖလမ်းမြို့ သာယာလှပရေးဆောင်ရွက်

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထလာဟရဲ ကြီးကြပ်လျက် ဝန်ထမ်းများက မြို့သာယာလှပရေးအတွက် ဗိုလ်ချုပ်လမ်းဘေး ပန်းခုံများဆေးသုတ်ခြင်း၊ မြို့အဝင်ဆိုင်းဘုတ်၊ မြို့တွင်းလမ်းမကြီး လမ်းဘေးဝဲယာတစ်လျှောက်နှင့် မြို့နယ်ခန်းမ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊ သစ်ပင်ပန်းပင်များ စိုက်ပျိုးခြင်းများကို ဇွန် ၁ရက်က ဆောင်ရွက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

အရန်မီးသတ်တပ်ဖွဲ့ မွမ်းမံသင်တန်းဆင်းပွဲကျင်းပ

ပိုင်းမော်မြို့နယ် မီးဘေးကာကွယ်တားဆီးရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၀၉)ဆင်းပွဲကို ဇူလိုင်၂ရက်က ကျင်းပရာ မြို့နယ်မီးဘေးကာကွယ်တားဆီးရေးအဖွဲ့ဝင် ဦးကြည်ထွန်းနှင့် ဦးမင်းကြည်တို့က သင်တန်းဆင်းအမှာစကား ပြောကြားကြသည်။

(မြို့နယ် ပြန်/ဆက်)

ရမည်းသင်း၌ ကျောင်းကျန်းမာရေးအတွက် ငွေလှူဒါန်း

ရမည်းသင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ထားတင်နှင့်အဖွဲ့ဝင်များ ဇွန် ၉ ရက် နံနက် ၉နာရီက ကျောင်းကျန်းမာရေးဌာနအတွက် ငွေကျပ် ၅၀၀၀၀တန်ဖိုးရှိ ဆေးဝါးပစ္စည်းများကို ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာထက်နဝေနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်ဒေါက်တာတင်ထွန်းလေးတို့သို့ ပေးအပ်လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**

ဇွန် ၂၄ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ချောင်းဆုံမြို့သို့ရောက်ရှိပြီး မြို့တွင်းလမ်းများကောင်းမွန်စေရေး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အောင်တံခွန်တိုင်ဈေး သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

မန္တလေး ဇူလိုင် ၂၀

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် အောင်တံခွန်ဈေး သမဝါယမအသင်း၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန်၂၄ရက်နံနက်က အောင်တံခွန်ခန်းမ၌ ကျင်းပရာ တိုင်းသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်သောင်း တက်ရောက်အားပေးသည်။

ရှေးဦးစွာ သဘာပတိ အသင်းဥက္ကဋ္ဌဦးစန်းယုနှင့် မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ခင်မျိုးရီတို့က အမှာစကားပြောကြားကြပြီး**(အောက်ပုံ)** ဆက်လက်၍ အသင်းအမှုဆောင် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်နိုင်ဦးက ဖတ်ကြားတင်ပြ၍ သဘာပတိက တက်ရောက်လာသော အသင်းသားများထံ အတည်ပြုချက်ရယူကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ ဈေးသမဝါယမအသင်းသည် အသင်းသားထည့်ဝင်ငွေ ငွေကျပ်သိန်း၁၀၀ကျော်ဖြင့် လုပ်ငန်းဆောင်ရွက်ကြောင်း သိရသည်။ (၀၉၀)

မြစ်ကြီးနား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အုတ်ခုံခံကွန်ကရစ်တံတား ဆောက်လုပ်

မြစ်ကြီးနား ဇူလိုင် ၂၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နှင့်ကျေးလက်နေပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူကောင်းမွန်စေရန် လမ်း၊တံတားများကို ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုငွေဖြင့် တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်မော်သိန်း ဦးဆောင်သောအဖွဲ့ဝန်ထမ်းများသည် ရန်ကြီးအောင်ရပ်ကွက် ရန်အောင်မြင်လမ်းပေါ်တွင် အုတ်ခုံခံကွန်ကရစ်တံတား ဆောက်လုပ်နေမှုကို ဇွန်၂၉ရက်က မြို့နယ်တာဝန်ခံအရာရှိ(လက်ထောက်ညွှန်ကြားရေးမှူး)ဦးဇော်မိုးနှင့် အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်တို့ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မင်းတပ်မြို့၌ ကျန်းမာရေး အသိပညာပေး ဆွေးနွေး

မင်းတပ် ဇူလိုင် ၂၀

***A(H1N1)** ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါအကြောင်း ကျန်းမာရေးအသိပညာပေး ဆွေးနွေးပွဲကို ဇူလိုင် ၁၁ရက် နံနက် ၉နာရီက မင်းတပ်မြို့ ဘဝသစ်ရပ်ကွက်ရုံး၌ ကျင်းပရာ ရှေးဦးစွာ အမျိုးသမီးရေးရာအဖွဲ့ ဘဏ္ဍာရေးမှူးက ရှင်းလင်းဆွေးနွေးပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်အွမ်အွယ်က **A(H1N1)**ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့်ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။* *(ခရိုင် ပြန်/ဆက်)*

လူတုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး အသိပညာပေး ဟောပြော

မြင်းမူ ဇူလိုင် ၂၀

မြင်းမူမြို့နယ်တွင် ကြက်၊ ငှက်၊ ဝက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးရောဂါကာကွယ်တားဆီးရေး အသိပညာပေးစာပေဟောပြောပွဲ အခမ်းအနားကို ဇွန် ၂၅ရက် ညနေ၃နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး မြို့နယ်မွေး/ကုဦးစီးမှူး ဦးဝင်းအောင်က တိရစ္ဆာန်ကျန်းမာရေးအကြောင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးသန့်က ကမ္ဘာ့လူတုပ်ကွေးရောဂါအကြောင်း ရှင်းလင်းဟောပြော၍ ဒါရိုက်တာဇွန်မောင်မောင်၊ စာရေးဆရာမင်းရွှေသိန်း(ဇင်းကျိုက်)နှင့် စာရေးဆရာ သန်လျင်မောင်မောင်ဦးတို့က ကြက်၊ ငှက်၊ ဝက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးရောဂါထိန်းချုပ်ကာကွယ်ရေး အကြောင်းများကို ပြည်သူများအား အသိပညာပေး ဟောပြောကြသည်။

ထို့နောက် ဂုဏ်ပြုလက်ဆောင်များကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက ဒါရိုက်တာဇွန်မောင်မောင်သို့လည်းကောင်း၊ မြို့နယ်အတွင်းရေးမှူး ဒေါ်မြင့်မြင့်သန်းက စာရေးဆရာမင်းရွှေသိန်း(ဇင်းကျိုက်)သို့လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မညိုက သန်လျင်မောင်မောင်ဦးသို့လည်းကောင်း ပေးအပ်ကြောင်း သိရသည်။ (၀၃၅)

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(မြို့ပြ) လမ်းလုပ်ငန်းဖြစ်သည့် ကသဲအုပ်စု ညောင်ပင်ကြီးရပ်ကွက်အတွင်းရှိ သဇင်မြိုင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးပြည်စိုး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်မာစန်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေး ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဇွန်၂၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်စိုးဝင်းနှင့် ဈေးဝန်ထမ်းများ စုပေါင်း၍ မြို့မဈေးရှေ့ ရေမြောင်းတူးဖော် ရှင်းလင်းစဉ်။ (မြို့နယ်စည်ပင်)

စာငှားကတ်စနစ် ကျင့်သုံးရေး တောင်ကြီး၌ ကွင်းဆင်းဆောင်ရွက်

တောင်ကြီး ဇူလိုင် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေလွင်၊ မြို့နယ်ဦးစီးမှူးဒေါ်ရွှေရွှေမြင့်နှင့် စာကြည့်တိုက်မှူး ဒေါ်နီလာလွင်တို့သည် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ရှင်သန်အောင်မြင်ရေး၊ ကျေးရွာစာကြည့်တိုက်များကို ဒုတိယဘုန်းတော်ကြီးကျောင်းအဖြစ် ဆောင်ရွက်ရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် ဇူလိုင် ၁၂ရက်က တောင်လေးလုံးကျေးရွာနှင့် ရေနွေးကျေးရွာများသို့ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မေတ္တာဖြင့် တည်ဆောက်နေသော နိုင်ငံတော်

ငါးမင်းဆွေ

ဇွန်လ ၁ရက်နေ့တွင် ကျောင်းများ စတင်ဖွင့်လှစ်ခဲ့သည်။ အဖြူ အစိမ်း တူညီဝတ်စုံများဖြင့် ကျောင်းသား ကျောင်းသူများ ကျောင်းတက်နေကြသောမြင်ကွင်းမှာ နှလုံးစိတ်ဝမ်းအေးချမ်းလှပါသည်။ ကျွန်တော်သည် သားငယ်၏ လက်ကိုဆွဲပြီး လှိုင်မြို့နယ် (၁၀)ရပ်ကွက်ရှိ အမက (၃၀) မူလတန်းကျောင်းဆီသို့ ထွက်လာပါသည်။ သားငယ်အား အခန်းထဲထိလိုက်ပို့ပေးပြီး လက်ပြနှုတ်ဆက်ကာ မူလတန်းကျောင်းငယ်မှ ထွက်ခဲ့သည်။ ကျွန်တော် ငယ်ငယ်တုန်းက အဖေသည် ကျွန်တော့်လက်ကိုဆွဲကာ ကျောင်းသို့ပို့ပေးခဲ့သည်ကို ပြန်လည်သတိရကာ ရင်ထဲကြည်နူးစွာခံစားမိလိုက်ပါသည်။ သားသမီးတို့အား တိုးတက်အောင်မြင်သောဘဝ၊ အေးချမ်းသာယာသောဘဝသို့ ရောက်ရှိအောင် ဆောင်ကြဉ်းပေးနိုင်သောအရာမှာ မိဘနှင့် သားသမီးကြား တစ်ဦးအပေါ်တစ်ဦး ထားရှိသော မေတ္တာပင်ဖြစ်သည်။ ထို့အတူ နိုင်ငံသူ နိုင်ငံသားတို့အား တိုးတက်ချမ်းသာသော ဘဝ၊ အေးချမ်းသာယာသော ဘဝများသို့ ဆောင်ကြဉ်းပေးနိုင်သောအရာမှာလည်း နိုင်ငံသားအချင်းချင်း တစ်ဦးအပေါ်တစ်ဦး ထားရှိသောမေတ္တာပင် ဖြစ်ပါသည်။

သားငယ်ကို ကျောင်းပို့ပြီးနောက် အဖေရှိရာကျိုက်ထိုသို့ မှန်လုံလိုင်းကားဖြင့် ထွက်ခဲ့ပါသည်။ ညနေစောင်းတွင် ကျိုက်ထိုမြို့သို့ရောက်ရှိခဲ့သည်။ အဖေသည် အသက် (၈၄)နှစ်ရှိပါပြီ။ အဖေသည် ခြေထောက်တစ်ဖက်မသန်စွမ်းတော့ပါ။ သို့သော် အဖေသည် အားမာန်မလျှော့ဘဲ ကားမောင်းနေဆဲဖြစ်သည်။ ဆားကွင်းသို့သွားပြီး ကိုယ်တိုင် အလုပ်ကို ဦးဆောင်နေဆဲဖြစ်သည်။ အဖေ၏ ဖွဲ့လုံ့လတို့သည် အတုယူဖွယ်ရာကောင်းပါသည်။ ညနေ ၆နာရီထိုးသည်နှင့် အဖေက VOA ကို ဖွင့်လိုက်ပါသည်။ VOA တွင် ဒေါ်စုကြည်သတင်းများကသာ လွှမ်းမိုးနေပါသည်။ ငါးမိနစ်ခန့်နားထောင်ပြီးနောက် အဖေက ရေဒီယိုကို ပိတ်ပစ်လိုက်ပါသည်။ ဒီအသံတွေနားထောင်ရတာ နားငြီးလာပြီဟု အဖေက ပြောလိုက်သည်။ လွန်ခဲ့သော လေးငါးနှစ်ကဆိုလျှင် အဖေသည် VOA, BBC, RFA တို့ကို အစအဆုံး မည်းမည်းမည်း နားထောင်ခဲ့ပါသည်။ ယခု တော့ ဒီအသံတွေကို နားငြီးလှပြီဟု ဆိုလိုက်ရာ အဖေ့စကားကို ကျွန်တော် မအံ့ဩပါ။ မြန်မာပြည်သူအပေါင်းတို့သည် အဖေကဲ့သို့ပင် VOA, BBC, RFA တို့၏ အသံများကို နားပူလာ၊ နားငြီးလာကြပါပြီ။

သားအဖနှစ်ယောက် ညစာစားပြီးနောက် ၇ နာရီထိုးနေပါပြီ။ အဖေ ၇နာရီထိုးပြီ RFA ဖွင့်လိုက်ရမလားဟု မေးလိုက်ရာ အဖေက မဖွင့်ပါနဲ့တော့ကွာ RFA ကလည်း ဒို့အချင်းချင်း ထသတ်ကြအောင် ရန်တိုက်ပေးနေတဲ့ကောင်တွေပဲ။ **ဒို့တိုင်းပြည်မှာ အရေးကြီးဆုံးက ငြိမ်းချမ်းရေးပဲသား။ ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ် တိုင်းပြည်အေးချမ်းဖို့၊ လုံခြုံမှုရှိအောင် လုပ်ပေးနိုင်ဖို့က အရေးကြီးဆုံးပဲ။ ဒီလို အေးချမ်းမှု၊ လုံခြုံမှုရှိမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်လို့ရမယ်။** အဖေ့စကားသည် အဖေဖြတ်သန်းလာသော ဘဝအတွေ့အကြုံများအပေါ် သင်ခန်းစာယူပြီး ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း ကျွန်တော် ကောင်းကောင်းသိပါသည်။ ထိုသို့ ပြောပြီးနောက် အဖေ့မျက်နှာ မကောင်းပါ။ အဖေသည် အတိတ်မှ ကြေကွဲဖွယ်ရာ အဖြစ်အပျက်များကို ပြန်သတိရနေပေလိမ့်မည်။ အဖေ့မျက်နှာကိုကြည့်ပြီး ကျွန်တော် စိတ်ထိခိုက်လာပါသည်။ အဖေ မကြာခဏပြောပြတတ်သော အဖေနှင့် ကျိုက္ခမိနယ်သားတို့၏ ကြေကွဲဖွယ်ရာ အဖြစ်ဆိုးတို့ကို ကျွန်တော် ပြန်လည်သတိရလိုက်မိပါသည်။

အဖေ၏ ဖခင်မှာ ဦးထွန်းမောင်(ခ) ဦးဖိုးခွေး ဖြစ်ပါသည်။ အဖေ ဦးထွန်းငြိမ်းသည် အဘိုး ဦးထွန်းမောင်၏ တစ်ဦးတည်းသော သားဖြစ်သည်။ အဘိုးသည် အလုပ်ကို အလွန်ကြိုးစားလုပ်ကိုင်သော လယ်သမား၊ ခြံသမားတစ်ဦးဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် မော်လမြိုင်နယ်၊ ကျိုက္ခမိနယ်တို့တွင် လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်လာပါသည်။ အဘိုးသည် ကျိုက္ခမိနှင့် ပင်လယ်ကမ်းခြေအတိုင်း သုံးမိုင်ခန့်ဝေးသော ရဲလှရွာစုလေးတွင် ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင်နေပါသည်။ အမေ၏ ခဲအိုဖြစ်သူနှင့် မောင်ဖြစ်သူတို့သည် ထင်းခုတ်သွားရင်း ရဲလှရွာအနီးတွင် သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံခဲ့ရပါသည်။ သို့သော် ရဲလှရွာသားတို့သည် အဘိုးကို အားကိုးပြီး ကျိုက္ခမိသို့ မပြောင်းရွှေ့ခဲ့ကြပါ။ ဤသို့ နယ်မြေမအေးချမ်းချိန်တွင် မိမိ အသက်အန္တရာယ်ရှိသည်ဟု သိသော်လည်း အဘိုးသည် အိမ်ခြေ ၂၀မျှသာရှိသော ရဲလှရွာစုလေး ပျက်ပြီး ရဲလှရွာသားတို့၏ ဥယျာဉ်ခြံမြေများပါ ပျက်စီးမည်ကို စိုးရိမ်သဖြင့် ရဲလှရွာသားတို့ကို ဦးဆောင်၍ အရဲစွန့်နေထိုင်ခဲ့ပါသည်။ တစ်နေ့သော ညနေ နေဝင်ရီတရောအချိန်တွင် ရိုင်ဖယ်သေနတ်ကိုင်ထားသော လူသုံးဦးသည် အဘိုးခြံထဲသို့ ရောက်လာပြီး ကွျဲကောပင်အောက်တွင် အဘိုး၏ ခြေထောက်များကို ရိုင်ဖယ်သေနတ်ဖြင့် ပစ်ချိုးကာ ဦးခေါင်းကို သေနတ်ဒင်များ၊ ကျောက်တုံးများဖြင့် ထုရိုက်ပြီး ရက်ရက်စက်စက် လူမဆန်စွာ ညှဉ်းဆဲသတ်ဖြတ်ပစ်လိုက်ကြပါသည်။ အဘိုးသေဆုံးပြီးနောက် ရဲလှရွာစုလေး ပျက်ခဲ့ရသည်။ အဖေနှင့် အမေအပါအဝင် ရဲလှရွာသားတို့သည် ကျိုက္ခမိမြို့တွင်းသို့ ပြောင်းရွှေ့ခဲ့ကြပါသည်။

ကျိုက္ခမိသို့ ပြောင်းရွှေ့ပြီးနောက် ယောက်ဖဖြစ်သူများ ရဟန်းခံရှင်ပြုရန်အတွက် ပရိက္ခရာဝယ်ရန် ကျိုက္ခမိမှ မော်လမြိုင်သို့ အဖေခရီးထွက်ခဲ့ပါသည်။ ထိုစဉ်က ကျိုက္ခမိမှ မော်လမြိုင်သို့ တစ်နေ့ကားနှစ်စီးထွက်သည်။ ပထမထွက်သော ရွှေဥဒေါင်းကားက အဖေ့အား လိုက်ရန်ခေါ်သော်လည်း အဖေ မလိုက်ဖြစ်ခဲ့ပါ။ ဒုတိယထွက်သော ဦးဘမြိုင်ကားဖြင့် အဖေ စီးနင်းလိုက်ပါခဲ့သည်။ သံဖြူဇရပ်နှင့် မုဒုံအကြား သက်ကယ်တောင်ကုန်းထိပ်အရောက်တွင် လက်နက်ကိုင်သောင်းကျန်းသူတို့သည် ကားလမ်းကို သစ်တုံးများဖြင့် ပိတ်ဆို့တားဆီးပြီး ရွှေဥဒေါင်းကားတွင် ပါလာသူတို့အား ဝိုင်းဝန်းဖမ်းဆီးလိုက်ကြသည်။ ထို့နောက် သွေးအေးအေးဖြင့် ရက်ရက်စက်စက် ပစ်ခတ် သတ်ဖြတ်လိုက်ကြသည်။ အဖေ စီးနင်းလာသော ဦးဘမြိုင်ကားသည် သေနတ်သံများကြား၍ ရွှေဥဒေါင်းကားနှင့် ခပ်လှမ်းလှမ်းတွင် ထိုးရပ်လိုက်ပါသည်။ အဖေတို့ရှိရာသို့ သောင်းကျန်းသူများ ပစ်ခတ်၍တက်လာကြသည်။ ထိုအခိုက် အနီးတွင်ရှိနေသော တပ်မတော်စစ်ကြောင်းရောက်လာ၍ အဖေတို့ အသက်ဘေးမှ လွတ်မြောက်ခဲ့ကြရသည်။ ထိုနေ့က ရွှေဥဒေါင်းကားတွင် ပါလာသော ကျိုက္ခမိသား ၃၀ခန့်အနက်မှ ဦးချိန်ဖော်ဆိုသူ တရုတ်ပြည်ဖွား ဆားလုပ်ငန်းရှင် တရုတ်ကြီးတစ်ဦးသာ အသက်ချမ်းသာရာ ရခဲ့ပါသည်။ ကျိုက္ခမိသား ၃၀နီးပါး သက်ကယ်တောင်ကုန်းထိပ်တွင် သောင်းကျန်းသူတို့၏ ရက်ရက်စက်စက်အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းကို ခံခဲ့ရပါသည်။

ကျွန်တော် ကျိုက်ထိုရောက်ပြီး နောက်တစ်နေ့နံနက်စောစောတွင် ကျိုက်ထိုတွင် ထားရှိသော ကျွန်တော်၏ Honda Dream ဆိုင်ကယ်ဖြင့် ကျိုက္ခမိနှင့် ရေးမြို့တို့သို့ ခရီးထွက်ခဲ့ပါသည်။ ဗင်ကားတစ်စီးက သိန်းလေးငါးရာ ဖြစ်နေသေး၍ ၁၀သိန်းကျော်ပေးရသော ဆိုင်ကယ်လေးကိုပဲ စီးနိုင်ပါသေးသည်။ မြန်မာ့ဆိပ်ကမ်းအရောက် သိန်း၂၀လောက်သာ ကျသင့်သော ဗင်ကားတစ်စီး သိန်းသုံးလေးဆယ် ဖြစ်လာမည့်နေ့ကို ကျွန်တော် ပင်ပန်းကြီးစွာ စောင့်စားနေဆဲဖြစ်ပါသည်။ **ကျိုက်ထိုနှင့် မော်လမြိုင်ကားလမ်းမှာ ယခင်က ချိုင့်များ၊ ကျင်းများကို ရှောင်တိမ်းမောင်းရသော ခပ်ညံ့ညံ့လမ်း ဖြစ်ပါသည်။ ယခု ဤလမ်းမကြီးမှာ မှန်ပြင်ခင်းထားသကဲ့သို့ ချောမွေ့နေသော နိုင်လွန်ကတ္တရာလမ်း ဖြစ်နေပါပြီ။ ဤကဲ့သို့သော နိုင်လွန်ကတ္တရာလမ်းမျိုး ဖြစ်လာလိမ့်မည်ဟု ဘယ်တုန်းကမှ ကျွန်တော် စိတ်ကူးမယဉ်ရဲခဲ့ပါ။ လမ်းက ချောမွေ့ကောင်းမွန်သောကြောင့် ဆိုင်ကယ်မောင်းရသည်မှာ သက်သောင့်သက်သာ ရှိလှပါသည်။ တစ်ခေတ်တစ်ခါကဆိုလျှင် ဤခရီးလမ်းကို နေ့ဘက်တွင်ပင် လုံခြုံရေးကားတန်းဖြင့် သွားလာရပါသည်။ ညဘက်တွင် လုံးဝသွားလာ၍ မရပါ။ ယခုတော့ နေ့ညမရွေး စိတ်အေးချမ်းသာစွာ သွားလာနိုင်ကြပါပြီ။ နိုင်လွန်ကတ္တရာလမ်းကြီးဖြစ်လာ၍ ခန္ဓာကိုယ် သက်သောင့်သက်သာ ရှိလှပါသည်။ လုံခြုံရေးကောင်းလာသဖြင့် စိတ်အေးချမ်းသာ ရှိလှပါသည်။ ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်းတို့ဖြင့် ကျွန်တော် ခရီးဆက်နေပါသည်။**

ဘီးလင်းတွင် နေ့လယ်စာစားပြီး ကျွန်တော် ဆက်ထွက်ခဲ့ပါသည်။ နိုင်လွန်ကတ္တရာကားလမ်းက ကောင်းလွန်းသဖြင့် ဆိုင်ကယ်မောင်းရင်း အလုပ်အကြောင်းများကို စဉ်းစားလာမိပါသည်။ ထိုသို့ တွေးတော စဉ်းစားရင်း မောင်းလာသဖြင့် ကျိုက္ကော်သိမ်ဆိပ်သို့ ရောက်မှန်းမသိ ရောက်ရှိလာပါသည်။ ကျိုက္ကော်သိမ်ဆိပ်မှ အနောက်ဘက်သို့ ဂဝံတာလမ်းအတိုင်း ခြောက်မိုင်ခန့်မောင်းလိုက်ရာ ဆိပ်ကျွန်းရွာသို့ ရောက်ခဲ့ပါသည်။ ဆိပ်ကျွန်းရွာရှိ ကျွန်တော်၏ စပါးလယ်တဲရှေ့တွင် ဆိုင်ကယ်ကို ထိုးရပ်လိုက်ပါသည်။ လယ်တာဝန်ခံ ကိုလွင်နှင့်အတူ လယ်မြေများ ထွန်ယက်ခြင်း၊ မျိုးကြဲခြင်း အခြေအနေများကို ကြည့်ရှုပြီး မှာစရာရှိသည်များကို မှာကာ ဆိပ်ကျွန်းမှ ကျွန်တော်ပြန်ထွက်ခဲ့သည်။ ညနေ ၅နာရီကျော်ကျော်တွင် သထုံမြို့သို့ ရောက်ရှိခဲ့ပါသည်။ သထုံတွင် ငါးမိနစ်ခန့် နားပြီးနောက် ခရီးဆက်ခဲ့ပါသည်။

သထုံနှင့် မော်လမြိုင်ကြားရှိ ကျေးရွာများမှာ များသောအားဖြင့် မွန်တိုင်းရင်းသားတို့၏ ကျေးရွာများဖြစ်ကြပါသည်။ ညနေ၆နာရီခန့်တွင် ဇင်းကျိုက်မြို့လေးသို့ ရောက်ရှိလာပါသည်။ ဇင်းကျိုက်မြို့လေးသည် မွန်တိုင်းရင်းသားတို့၏ မြို့လေးဖြစ်ပါသည်။ ဇင်းကျိုက်မြို့လေးသည် တိုက်တာအိမ်ခြေများဖြင့် အလွန်စည်ကား ဖွံ့ဖြိုးနေသည်ကို တွေ့ရပါသည်။ ဇင်းကျိုက်မြို့လေးတွင် ယခင်ခေတ်အခါက တစ်သောင်းကျော် နှစ်သောင်းလောက်ပေးရသော အိမ်မြေကွက်တို့မှာ ယခုအခါ သိန်းရာဂဏန်းများ ဖြစ်နေကြပါပြီ။ နယ်မြေအေးချမ်းလာခြင်းကြောင့် ကျေးလက်တောရွာများ၊ မြို့ငယ်များတွင် အိမ်ဈေး၊ မြေဈေးများ ကောင်းခဲ့ပါသည်။ ယခင်က ချမ်းသာလာလျှင် ကျေးလက်၊ မြို့ငယ်များတွင် မနေရဲကြပါ။ မြို့ကြီးများသို့သာ ပြောင်းရွှေ့နေထိုင်ကြသည်။ ယခုတော့ နယ်မြေများ အေးချမ်းလာသဖြင့် မိမိတို့ရွာများတွင်ပင် အိမ်မြေများကို ဈေးကောင်းပေးပြီး ဝယ်ယူလာကြပါသည်။ နယ်မြေအေးချမ်းလာခြင်းကြောင့် ကျေးလက်တောရွာနေ တိုင်းရင်းသားများ အိမ်ဈေး၊ မြေဈေးတက်တာ တစ်ခုတည်းနှင့်ပင် သိန်းရာချီချမ်းသာသူများ ဖြစ်လာကြပါသည်။ ညနေ၆နာရီခွဲခန့်တွင် ပေါင်မြို့သို့ ရောက်ရှိခဲ့သည်။ ပေါင်မြို့တွင် မရပ်နားဘဲ ဆက်လက်ထွက်ခွာလာရာ သံလွင်တံတား(မော်လမြိုင်)သို့ ည၇နာရီခန့်တွင် ရောက်ရှိခဲ့ပါသည်။

သံလွင်မြစ်ဝကြီးကို ဖြတ်သန်းသော သံလွင်တံတား(မော်လမြိုင်)ကို ဒေသခံတိုင်းရင်းသားတို့က အိပ်မက်တံတားဟု တင်စားခေါ်ဝေါ်ကြပါသည်။ ဒေသခံတိုင်းရင်းသားတို့သည် သံလွင်မြစ်ဖြတ်တံတားကြီးတစ်စင်းကို လိုချင်လွန်း၍ အိပ်မက်များပင် မက်ခဲ့ကြရသည်။ ထို့ကြောင့် အိပ်မက်တံတားဟု တင်စားခေါ်ဝေါ်ခဲ့ခြင်း ဖြစ်ပါသည်။ အဖေ၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သော ကမာဝက်ရွာသား မွန်တိုင်းရင်းသားကြီး ဦးထွန်းရှိန်က တံတားကြီး စတင်ဆောက်လုပ်နေဆဲတွင် မင်းဆွေ ဘကြီးလည်း အသက် (၈၀)ရှိပြီ၊ ဒီတံတားကြီးဆောက်တာ ဘယ်လောက်ကြာမလဲဟု ကျွန်တော့်အား မေးခဲ့ရာ ငါးနှစ်လောက်တော့ကြာပါမယ်ဟု ကျွန်တော်က ပြောလိုက်ပါသည်။ နောက်ငါးနှစ်တော့ ဘကြီး နေချင်သေးတယ် မင်းဆွေ။ ဒီတံတားကြီးပြီးမှ ဘကြီး သေချင်တယ်။ ဒီတံတားကြီးကို ဘကြီး မြင်သွားချင်တယ်ဟု ပြောခဲ့ပါသည်။ မွန်တိုင်းရင်းသားကြီး ဘကြီးထွန်းရှိန်သည် ဤတံတားကြီးကို ခံ့ညားထည်ဝါစွာ တွေ့မြင်ခဲ့ရပါသည်။ ဤတံတားကြီးပြီးမြောက်ပြီး မကြာမီတွင် ဘကြီး ထွန်းရှိန် ကွယ်လွန်ခဲ့ရှာသည်။

ဤသံလွင်မြစ်ဖြတ် သံလွင်တံတား(မော်လမြိုင်)တံတားကြီးကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လာရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။ တံတားဖွင့်ပွဲကို မြန်မာ့ရုပ်မြင်သံကြားတွင် ကျွန်တော် ကြည့်ခဲ့ရပါသည်။ တံတားဖွင့်ပွဲပြီးလျှင် နိုင်ငံတော်အကြီးအကဲသည် ရန်ကုန်သို့ ပြန်လိမ့်မယ်ဟု ကျွန်တော်ထင်ခဲ့ပါသည်။ သို့သော် နိုင်ငံတော်အကြီးအကဲသည် နောက်နေ့နောက်နေ့ ညဦးပိုင်းများတွင် သံလွင်တံတားကြီးပေါ်သို့ ရောက်ရှိကာ တံတားကြီးအား တစိမ့်စိမ့်ကြည့်ရှုရင်း မြန်မာပြည်သူများအတွက် ဝမ်းသာကြည်နူးခြင်း၊ အားရကျေနပ်ခြင်းဖြစ်နေသည်ကို မြန်မာ့ရုပ်မြင်သံကြားတွင် ကျွန်တော်တွေ့မြင်ခဲ့ရပါသည်။ တကယ်တော့ ဤသံလွင်မြစ်ဖြတ်တံတား

တိုင်းရင်းသားပြည်သူအပေါင်းတို့က တစ်ဦးအပေါ်တစ်ဦး မေတ္တာထားပြီး နိုင်ငံတော်ကြီးကို အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းတည်ဆောက်ကြသဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးလာချိန်တွင် မေတ္တာဆိုသည်ကို ယခုထက်ထိတိုင် ကောင်းစွာ နားလည်သဘောမပေါက်သေးဘဲ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ နိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းမှုပျက်ယွင်းသော ယခင်ခေတ်ကာလ အခြေအနေမျိုး ပြန်လည်ရောက်ရှိအောင် လုပ်ကိုင်လိုသူတို့သည် တိုင်းရင်းသားပြည်သူများရှေ့ ဒူးထောက်ကာ အပြစ်ကို ဝန်ချတောင်းပန်သင့်၊ အချိန်မီပြုပြင်သင့်ကြပါပြီ။ သို့ဆိုပါက သူတို့အပေါ် တိုင်းရင်းသားပြည်သူတို့က မေတ္တာဖြင့် ခွင့်လွှတ်နေကြဦးမှာပါ။

ဒို့တိုင်းပြည်မှာ အရေးကြီးဆုံးက ငြိမ်းချမ်းရေးပဲ သား၊ ဘယ်ပါတီ တက်တက်၊ ဘယ်အစိုးရ လုပ်လုပ် တိုင်းပြည် အေးချမ်းဖို့၊ လုံခြုံမှုရှိ အောင် လုပ်ပေးနိုင်ဖို့က အရေးကြီး ဆုံးပဲ။ ဒီလို အေးချမ်းမှု၊ လုံခြုံမှုရှိမှ တိုင်းပြည် ဖွံ့ဖြိုး တိုးတက်အောင် လုပ်လို့ရမယ်။

ကြီးသည် တပ်မတော်အစိုးရနှင့် မြန်မာတိုင်းရင်းသားပြည်သူတို့အကြား တစ်ဦးအပေါ်တစ်ဦးထားရှိသော မေတ္တာစေတနာများကြောင့် ပေါ်ထွန်းလာသော တံတားကြီးဖြစ်ပါသည်။ ထို့ကြောင့် ဤတံတားကြီးအား မေတ္တာတံတားကြီးဟု တင်စားခေါ်ဆိုနိုင်ပါသည်။

ကျွန်တော် မော်လမြိုင်ဘူတာကြီးရှေ့ရှိ စားသောက်ဆိုင်ခန်းတွင် ညစာစားပါသည်။ ထိုစားသောက်ဆိုင်၏ အပေါ်ထပ်တွင် တည်းခိုခန်းရှိသည်။ မိုင်၁၀၀ကျော်ခရီးကို ဆိုင်ကယ်မောင်းလာရသဖြင့် လေတိုးဒဏ်ကြောင့် ကျွန်တော် ခရီးပန်းနေပါသည်။ မော်လမြိုင်တွင်ပင် ညအိပ်ပြီး နံနက်စောစောမှ ကျိုက္ခမီသွားရင် ကောင်းမလားဟု စဉ်းစားကြည့်မိသည်။ မော်လမြိုင်- ကျိုက္ခမီကားလမ်းမှာ ၅၅မိုင်ခရီး ရှိပါသည်။ ယခင်ခေတ် အခါများက နေ့ဘက်တွင်သာ သွားလာ၍ရသည်။ ညဘက်တွင် သွားလာ၍မရပါ။ သို့သော် ယခုလို အေးချမ်းသာယာ နေသောခေတ်ကြီးတွင် မော်လမြိုင်-ကျိုက္ခမီ ခရီးလမ်းကို နေ့ညမရွေး စိတ်အေးလက်အေး ဥဒဟို သွားလာ နေကြပါသည်။ အမေ့ကို တွေ့မြင်လိုဇော၊ ဇာတိဖြစ်ရာ ကျိုက္ခမီသို့ ရောက်လိုဇောတို့ကြောင့် ခရီးပန်းနေ သော်လည်း မော်လမြိုင်တွင် မအိပ်တော့ဘဲ ည၈နာရီ ၁၅မိနစ်ခန့်တွင် မော်လမြိုင်မှ ဆက်ထွက်ခဲ့ပါသည်။

ည ၉နာရီထိုးခါနီးတွင် မုဒုံမြို့သို့ ရောက်ရှိခဲ့သည်။ ယခင်ကဆို နေ့ဘက်တွင်ပင်လျှင် မုဒုံမှထွက်သည်နှင့် ရင်တထိတ်ထိတ် ဖြစ်နေရပါပြီ။ မုဒုံနှင့် သံဖြူဇရပ်ကြားတွင် မကြာခဏ ခရီးသည်ကားများအား ဓားပြ တိုက်ခြင်း၊ ပစ်ခတ်ခြင်း၊ ပြန်ပေးဆွဲခြင်းများ ပြုလုပ်လေ့ရှိပါသည်။ ယခုတော့ ညဘက်တွင်ပင်လျှင် အေးအေး လူလူဖြင့် ဆိုင်ကယ်များ၊ ကားများ သွားလာနေကြပါသည်။ ယခင် ဓားပြတိုက်သည်ဆိုသော နေရာများတွင် စားသောက်ဆိုင်များ၊ စည်ဘီယာဆိုင်များဖြင့် စည်စည်ကားကားဖြစ်နေသည်ကို တွေ့မြင်ရပါသည်။ ယခင်က နယ်မြေမအေးချမ်းသောကြောင့် ဤကားလမ်းဘေးတစ်လျှောက်ရှိ ဖုန်းဆိုးတောများနှင့် ခြံမြေများမှာ တန်ဖိုး မရှိ ဖြစ်ခဲ့ရပါသည်။ ယခုတော့ ဤနေရာတွင် ရော်ဘာစိုက်ပျိုးနိုင်သော မြေလွတ်တစ်ဧကကို သိန်း ၅၀ဈေး ရှိပါသည်။ သုံးလေးနှစ်သားအရွယ် မျိုးသန့်ရော်ဘာခြံတစ်ဧကကို ကျပ်သိန်းတစ်ရာ ဖြစ်နေပါပြီ။ မျိုးသန့် ရော်ဘာခြံ ၁၀ဧကပိုင်လျှင်ပင် ကျပ်သိန်းတစ်ထောင် ချမ်းသာနေပါပြီ။ နယ်မြေအေးချမ်းလာခြင်းကြောင့် ဒေသခံတိုင်းရင်းသားများမှာ သိန်းရာထောင်ချီချမ်းသာသူများ ဖြစ်လာကြပါသည်။

မုဒုံမှ မိနစ်၂၀ခန့် ဆိုင်ကယ်ကို မောင်းလိုက်သောအခါ သက်ကယ်တောင်ကုန်းထိပ်သို့ ရောက်ရှိခဲ့ပါသည်။ ဤကုန်းထိပ်နေရာသည် သောင်းကျန်းသူများက ကျိုက္ခမီသား ၃၀ခန့်ကို ရက်ရက်စက်စက် အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့သောနေရာ ဖြစ်ပါသည်။ ကျွန်တော်သည် သက်ကယ်တောင်ကုန်းထိပ်တွင် ဆိုင်ကယ်ကိုရပ်လိုက်ပြီး ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်ပါသည်။ ရက်ရက်စက်စက် အသတ်အဖြတ်ခံခဲ့ရသော ကျိုက္ခမီသားများအတွက် ဝမ်းနည်းစိတ်ထိခိုက်ပြီး ငြိမ်သက်စွာ ရပ်နေမိပါသည်။ ယခင်က သေနတ်သံများဆူညံပြီး သွေးချောင်းစီးခဲ့သော ဤနေရာသည် ယခုအခါ တိတ်ဆိတ်အေးချမ်းသာယာလှပါသည်။ ယခုအခါ ဤနေရာတွင် ကျွန်တော့်အား လည်းကောင်း၊ တိုင်းရင်းသားပြည်သူတို့အားလည်းကောင်း ရက်ရက်စက်စက် သတ်ဖြတ်မည့်သူ တစ်ဦး တစ်ယောက်မျှမရှိတော့ပါ။ ယခုအခါ ဤနေရာတွင် ကျွန်တော် တရေးတမော အိပ်စက်လိုလျှင်လည်း အိပ်စက် နိုင်ပါသည်။

တစ်ချိန်တစ်ခါက မေတ္တာခေါင်းပါး ပျက်ယွင်းသူအချို့တို့ကြောင့် မွန်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူ တို့၏ အသက်အိုးအိမ် များစွာဆုံးရှုံးခဲ့ရပါသည်။ မြေယာများမှာလည်း တန်ဖိုးမဲ့ဖြစ်ခဲ့ရပါသည်။ **ယခုအခါ တိုင်းရင်းသားပြည်သူတို့၏ တစ်ဦးအပေါ်တစ်ဦးထားရှိသော မေတ္တာတရားများကြောင့် မွန်ပြည်နယ်သည် အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ခဲ့ပါပြီ။ မြေယာများလည်း တန်ဖိုးတက်လာပြီး တိုင်းရင်းသားများ သိန်းရာချီ ထောင်ချီ၍ ချမ်းသာခဲ့ကြပါပြီ။ မွန်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် တည်ငြိမ်အေးချမ်းစွာ သွားလာနေထိုင် လုပ်ကိုင်စားသောက်နေရသော ယခုလိုအခြေအနေမျိုးကို ဘယ်လိုနည်းနှင့်မှ အပျက်ယွင်းမခံ နိုင်ကြပါ။ တည်ငြိမ်အေးချမ်းမှုပျက်ယွင်းသော ယခင်ခေတ်ကာလ အခြေအနေမျိုး ပြန်ရောက်ခဲ့ပါလျှင် မွန်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ် များစွာဆုံးရှုံးကြလိမ့်မည်။ သိန်းရာထောင်ချီ** တန်ဖိုးရှိသော တိုင်းရင်းသားပြည်သူတို့၏ မြေယာများ တန်ဖိုးမဲ့ ဖြစ်ကြရလိမ့်မည်ဆိုသည်ကို မွန်ပြည်နယ်မှ တိုင်းရင်းသားပြည်သူတို့က ကောင်းစွာသိရှိနေကြပါသည်။ ထို့ကြောင့် မွန်ပြည်နယ်မှ တိုင်းရင်းသားပြည်သူ အပေါင်းတို့အား ယခုလက်ရှိ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးနေသော အခြေအနေကို ကြိုက်နှစ်သက်သလား၊ တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းသော၊ ဖွံ့ဖြိုးမှုနိမ့်ကျသော ယခင်အခြေအနေမျိုးသို့ ပြန်ရောက်ချင်သလား ဆိုသောအချက်မှာ ချပြစရာမလိုသော အချက်ဖြစ်ပါသည်။ လုံးဝမေးစရာမလိုသော မေးခွန်းလည်းဖြစ်ပါသည်။

မွန်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် တစ်ဦးအပေါ်တစ်ဦး မေတ္တာထားခြင်းဖြင့် မိမိတို့ ဒေသနှင့် နိုင်ငံတော်ကြီးကို ငြိမ်းချမ်းသာယာအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းတည်ဆောက် နေကြပါသည်။ ထို့အတူ မြန်မာနိုင်ငံ အရပ်ဒေသအသီးသီးရှိ မြန်မာတိုင်းရင်းသားအပေါင်းတို့သည်လည်း တစ်ဦးအပေါ်တစ်ဦး မေတ္တာထားခြင်းဖြင့် မိမိတို့ဒေသနှင့်တကွ နိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက်နေကြပါသည်။ ဤသို့ တိုင်းရင်းသားပြည်သူအပေါင်းတို့က တစ်ဦးအပေါ်တစ်ဦး မေတ္တာထားပြီး နိုင်ငံတော်ကြီးကို အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းတည်ဆောက်ကြသဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာ ဖွံ့ဖြိုးလာချိန်တွင် မေတ္တာဆိုသည်ကို ယခုထက်ထိတိုင် ကောင်းစွာနားလည်သဘောမပေါက်သေးဘဲ နိုင်ငံတော်ကြီး တည်ငြိမ် အေးချမ်းမှု ပျက်ပြားအောင်၊ နိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းမှုပျက်ယွင်းသော ယခင်ခေတ်ကာလ အခြေ အနေမျိုး ပြန်လည်ရောက်ရှိအောင် လုပ်ကိုင်လိုသူတို့သည် တိုင်းရင်းသားပြည်သူများရှေ့ ဒူးထောက်ကာ အပြစ်ကို ဝန်ချတောင်းပန်သင့်၊ အချိန်မီ ပြုပြင်သင့်ကြပါပြီ။ သို့ဆိုပါက သူတို့အပေါ် တိုင်းရင်းသားပြည်သူတို့က မေတ္တာဖြင့် ခွင့်လွှတ်နေကြဦးမှာပါ။ ။

စက်မှု(၂)ဝန်ကြီးဌာန ဝန်ထမ်းသားသမီးများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၀

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ထမ်းသားသမီးများမှ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉နာရီခွဲ တွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဆုရ ကျောင်းသား ကျောင်းသူများ၏ မိဘများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားပြီး ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများကိုယ်စား ငါးဘာသာဂုဏ်ထူးရှင် မောင်ရန်ပိုင်စိုးက ကျေးဇူးတင် စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းရင်းဆေးသေတ္တာများ ကလေး၌ ထပ်ဆင့်ဖြန့်ဝေ

ကလေး ဇူလိုင် ၂၀

စစ်ကိုင်းတိုင်း ကလေးခရိုင် တိုင်းရင်းဆေးဦးစီးဌာနက ကြီးမှူး ကျင်းပသော အရေးပေါ်သုံး တိုင်းရင်း ဆေးသေတ္တာ ထပ်ဆင့် ဖြန့်ဝေခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီက ကလေးမြို့ နေရှူရာ အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်း၊ ခရိုင် တိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းနှင့် တာဝန်ရှိသူများက တိုင်းရင်းဆေး သေတ္တာများကိုထပ်ဆင့်ဖြန့်ဝေပေးအပ် ခဲ့ရာ ကျေးရွာ ၁၅ရွာမှ အခြေခံ တိုင်း ရင်းဆေး ကျန်းမာရေးလုပ်သားများ က လက်ခံယူကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီက ၂၀၀၉-၂၀၁၀ခု ပညာသင်နှစ်အတွက် အဖွဲ့ဝင် များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် အထွေထွေ ထောက်ပံ့ကြေးငွေများ ပေးအပ်ပွဲကို ဇူလိုင် ၁၂ရက်က မြို့နယ်စစ်မှု ထမ်းဟောင်း အစည်းအဝေးခန်းမ၌ကျင်းပရာ ဥက္ကဋ္ဌ ဗိုလ်မှူးလှကာ(ငြိမ်း) က ပညာသင်ကြားနေသော မိသားစုဝင်များအား ထောက်ပံ့ကြေးများ ပေးအပ်စဉ်။ (မြို့နယ် စစ်မှုထမ်းဟောင်း)

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဟောပြောပွဲ ပဲခူး၌ကျင်းပ

ပဲခူး ဇူလိုင် ၂၀

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဟောပြောပွဲကို ဇွန်၂၅ရက် မွန်းလွဲ ၁နာရီ က ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဟောပြော

ယင်းနောက် ပဲခူးတိုင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသောင်းလွင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ ရဲအုပ်ခင်မောင်လွင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း ဗီဒီယိုဆလိုက်နှင့် အကျယ်တဝင့် ဟောပြောသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းဦးစီးမှူးဦးသောင်းလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးစာစောင်များ၊ ဂျာနယ်များကို ကျောင်းစာကြည့်တိုက်အတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မင်းထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၀-၇-၂၀၀၉

ရေးမြို့	၆ဒသမ ၀၇	လက်မ
ဖျာပုံ	၄ဒသမ ၇၂	လက်မ
ပုသိမ်	၄ဒသမ ၃၇	လက်မ
ရန်ကုန်	၃ဒသမ ၅၈	လက်မ
မအူပင်	၃ဒသမ ၁၉	လက်မ
မြစ်ကြီးနား	၃ဒသမ ၀၇	လက်မ

ကျန်းမာရေးအသိပညာပေး ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ကွမ်းလုံ၌ ဆောင်ရွက်

ကွမ်းလုံ ဇူလိုင် ၂၀

ကွမ်းလုံမြို့အတွင်း ဝမ်းပျက် ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါများ ဖြစ်ပွားမှု မရှိ စေရေး ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်း၊ အစားအသောက် များ၊ အသား၊ ငါးများကို ကျန်းမာရေး နှင့် ညီညွတ်စွာ ပြုလုပ်တည်ခင်း ရောင်းချရန်၊ ရက်လွန်အစားအစာများ ရောင်းချခြင်းမပြုရန်၊ ဆိုင်ခန်းများ ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိရန် စစ်ဆေးကြပ်မတ်ခြင်း လုပ်ငန်းများကို ဇူလိုင် ၁၃ရက်က ခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သက်၏ ဦးဆောင်မှု ဖြင့် မြို့နယ်ဥက္ကဋ္ဌ၊မြို့နယ်ကျန်းမာရေး ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက် သူ ရပ်ကွက်သားများ ပါဝင်ဆောင် ရွက်ကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေး နှင့် လူမှုရေး ဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ ဘယ်အချိန်မှာ လက်ကို ဆပ်ပြာဖြင့် ဆေးကြောသင့်ပါသလဲ။

ဖြေ။ ။ ရောဂါကူးစက်မှု နည်းလမ်းများအရ အောက်ပါ အခြေအနေများကို ဆောင်ရွက်ပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောရမည်-

- နှာချေ၊ ချောင်းဆိုးပြီးချိန်၊
- လုပ်ငန်းဆောင်ရွက်ပြီး ပြင်ပမှ ပြန်လာချိန်၊
- လူနာအသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ခြင်းနှင့် လူနာကို ပြုစုပြီးချိန်၊
- မိမိ၏ ပါးစပ် နှာခေါင်းစည်း ဖြုတ်သောအချိန်၊
- အစာမစားမီနှင့် စားပြီး ပြီးချိန်၊
- လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းသည် အသက်ရှူလမ်းကြောင်းမှ ဝင်ရောက် သော ရောဂါများနှင့် အစာအိမ်လမ်းကြောင်းမှ ဝင်ရောက်လာသော ရောဂါများကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။

မေး။ ။ ပါးစပ် နှာခေါင်းစည်း ဘယ်လို တပ်ဆင်အသုံးပြုရပါမလဲ။

ဖြေ။ ။ ရောဂါကာကွယ်ရေးအတွက် လက်ကို သန့်စင်စွာ ဆေးကြောခြင်း၊ ပါးစပ်နှာခေါင်းစည်း အသုံးပြု ခြင်း၊ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း စသည့် အဓိကကျသော နည်းလမ်းများအနက် ပါးစပ် နှာခေါင်းစည်း အသုံးပြုခြင်းသည် တစ်ခု ဖြစ်ပါသည်။

ပါးစပ် နှာခေါင်းစည်းကို အောက်ပါအတိုင်း စနစ်တကျ အသုံးပြုရန် လိုအပ်ပါသည်-

- ပါးစပ်နှင့် နှာခေါင်းအား လုံခြုံအောင် တပ်ဆင်ရမည်၊
- ပါးစပ် နှာခေါင်းစည်းတပ်ဆင်ချိန်တွင် ပိုးမွှားများ ပြင်ပတွင်ကပ်နိုင်သဖြင့် လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်းကို ရှောင်ရှားရမည်၊
- ပါးစပ် နှာခေါင်းစည်း စိုထိုင်းလာလျှင် ပိုးမွှားများ လွယ်ကူစွာ ကပ်နိုင်သဖြင့် အသစ် လဲလှယ် တပ်ဆင်ရမည်၊
- ပါးစပ် နှာခေါင်းစည်းများကို အသုံးပြုပြီးလျှင် ပိုးသန့်စင်ရမည်၊
- တစ်ခါသုံး ပါးစပ် နှာခေါင်းစည်းများကို ပိုးသန့်စင်ပြီး စနစ်တကျ စွန့်ပစ်ရမည်၊
- ပြန်လည်အသုံးပြုနိုင်သော ပါးစပ် နှာခေါင်းစည်းများကို ပိုးသန့်စင်ပြီး သေချာစွာ လျှော်ဖွပ်၍ အသုံးပြုရမည်၊
- ပိုးသန့်စင်ရာတွင် 0.5% available chlorine ရရှိစေရန် Bleaching powder ဟင်းစားဇွန်း နှစ်ဇွန်းကို ရေတစ်လီတာဖြင့် ဖျော်စပ်၍ မိနစ်(၃၀) စိမ်ထားကာ အသုံးပြုနိုင် သည်၊ မရှိပါက ရေနွေးဖြင့်ပြုတ်၍ ပိုးသန့်စင်ရမည်၊
- ပါးစပ်နှာခေါင်းစည်းများ အသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် သေချာစွာ ဆေးကြောရမည်။ အရက်ပြန် (Alcohol rub) ကို အသုံးပြုနိုင်သည်၊
- ပါးစပ်နှာခေါင်းစည်းများကို စနစ်တကျအသုံးပြုမှသာ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ပါသည်။

မင်းဘူး-အမ်း ကားလမ်းပြုပြင်ထိန်းသိမ်းခြင်းနှင့် တံတားများကြံ့ခိုင်မှု အခြေအနေ

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၀

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဇူလိုင် ၁၁ရက် နံနက်ပိုင်းတွင် အမ်းမြို့နယ်ပတ်ကွေ့ကျေးရွာအနီး အမ်း-မင်းဘူးကားလမ်း၊ လမ်းကျဉ်းအကွေ့နေရာများ၊ လမ်းအတက်အကွေ့ နေရာများနှင့် ပတ်ကွေ့ချောင်းတံတားကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးသည် မင်းဘူး-အမ်းကားလမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဇူလိုင် ၂၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့်မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင် ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ကာ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် ဒေသအလိုက်၊ ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ရေးမြို့တွင် ၆ဒသမ၀၇ လက်မ၊ ဖျာပုံမြို့တွင် ၄ဒသမ၇၂ လက်မ၊ ပုသိမ်မြို့တွင် ၄ဒသမ၃၇လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၃ဒသမ၅၈ လက်မ၊ မအူပင်မြို့တွင် ၃ဒသမ ၁၉လက်မနှင့် မြစ်ကြီးနားမြို့တွင် ၃ဒသမ၀၇လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

ဇူလိုင် ၂၁ရက် ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ် ယခုအပတ်ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၀

'ဇူလိုင်လ ၂၂ ဆူနာမီနှင့်လျှင်ဝင်တိုက်မည်ဟူသော သတင်းမှာ ကောလာဟလသာဖြစ်' သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂)၊ အမှတ်စဉ်(၈၆)ကို ထုတ်ဝေဖြန့်ချိထားသည်။

ယနေ့ ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် မော်လမြိုင်မြို့တွင် ထိုင်းကုန်စည်များ ဈေးတက်၊ မြို့ကြီးများရှိ CITY FM လိုင်းများ၊ စစ်တွေလေဆိပ် အဆင့်မြှင့်ပြုပြင်၊ ခိုးကူးနှိမ်နင်းရေးနည်းလမ်းအဖြစ် လေးဖြူ၏သီချင်းများ MTV ရုပ်သံလိုင်းမှ စလွှင့်၊ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်း၌ အဆောက်အအုံအချို့နှင့် လူနေအိမ်အမိုးအကာများ ပျက်စီးခဲ့၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ ရေလွှမ်း၊ စင်ကာပူမှာ ပညာသင်မှာလား သတိထားပါ အောင်လက်မှတ်အတုထုတ်ပေးနေသည့် စီးပွားရေးသင်တန်းကျောင်းတစ်ကျောင်းကို စင်ကာပူပညာရေးဝန်ကြီးဌာနက ပိတ်ရန် အမိန့်ပေးပြီး ပြည်ပတွင် အလုပ်လုပ်ကိုင်သူများ စင်ကာပူကို ကျော်ခိုင်းပြီး ကိုရီးယားဘက်လှည့်ကြသည်၊ ရေထွက်ပစ္စည်းများ နယ်စပ်သို့ တရားမဝင်သယ်ဆောင်က ပိုင်ရှင်ကိုပါ အရေးယူမည်၊ ပရိသတ်ကြီးကို ချစ်တဲ့ ဟေမာန်အောင်အောင်၊ ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲမှုမှ ရှောင်ကြဉ်ရန်လို၊ လေထဲမှာ အောက်ဆီဂျင်ပေါပေမယ့် လိုသလောက်မရတဲ့ အောက်ဆီဂျင်၊ မလေးရှားမှ အလုပ်တွေပြန်ခေါ်နေပြီ၊ စင်ကာပူ၌ ဘွဲ့လက်မှတ်အတုများဖြင့် သွေးဆောင်၍ ကျောင်းနှစ်ကျောင်းဖွင့်လှစ်ကာ ကျောင်းသားများထံမှ ငွေလိမ်ယူသူတစ်ဦး ထွက်ပြေးနေ၊ မြဝတီဘဏ်မှာ Online transaction စမ်းသပ်၊ မော်တော်ကားထုတ်လုပ်ရေး လုပ်ငန်းများအတွက် စက်မှုဇုန်မှကားပစ္စည်းများ ပြန်လည်တင်သွင်းခွင့်ပြု၊ ခြေထောက်သုံးချောင်းနှင့် ဆင်ကလေးကို ခြေတုအောင်မြင်စွာတပ်ဆင်ပြီးစီး၊ အီရန်ကို တိုက်ခိုက်ရန် အစ္စရေးစစ်သင်္ဘောများ အီရန်ခရုဇ်ဒုံးပျံ လက်တစ်ကမ်းအကွာသို့ ပြောင်းရွှေ့ချထားပြီ၊ အာမက်ဒီနီဂျက်အား လုပ်ကြံသတ်ဖြတ်ရေး အစ္စရေးကြံစည်ခဲ့၊ ဂျကာတာမှ မာရီယော့ဟိုတယ်တိုက်ခိုက်မှု ဘာလီဗုံးဖောက်ခွဲမှုနှင့် ဆက်စပ်နိုင် စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။

(သတင်းစဉ်)

ရှေးဦးပြုစုခြင်း သင်တန်းများဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းရှိ မြို့နယ်(၄၃)မြို့နယ်တို့မှ အထက်တန်းကျောင်း(၄၃)ကျောင်း၏ တစ်ကျောင်းလုံး ကျောင်းကြက်ခြေနီ ရှေးဦးပြုစုခြင်း သင်တန်းများဖွင့်ပွဲကို ယနေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ ရန်ကုန်တိုင်း ကြက်ခြေနီတပ်ဖွဲ့ တိုင်းတပ်ဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီ နာယက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း အကျိုးဆောင် အတွင်းရေးမှူး ဒေါက်တာလှဖေနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် မြို့တော်ဝန်က ရန်ကုန်တိုင်းကြက်ခြေနီတပ်ဖွဲ့သို့ အလှူငွေကျပ် ၅၀၇၀၀၀၀ကို ပေးအပ်သည်။

(အပေါ်ပုံ)

ပေးအပ်လှူဒါန်း

ဆက်လက်၍ အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ကြက်ခြေနီရှေးဦးပြုစုခြင်း သင်ရိုးစာအုပ် ၃၀၀၀၀ကို ရန်ကုန်တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးထံ ပေးအပ်လှူဒါန်းခဲ့သည်။

ကျောင်းကြက်ခြေနီ ရှေးဦးပြုစုခြင်း သင်တန်းများကို ယခုလနောက်ဆုံးပတ်တွင် ရန်ကုန်တိုင်း ခရိုင်လေးခရိုင်တို့၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ အထက်တန်းကျောင်းများမှ ဆရာ ဆရာမကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ အမြဲတမ်းကော်မတီဝင် တိုင်းရင်းသားလူမျိုးစုရေးရာကောင်စီ ဥက္ကဋ္ဌ မစ္စတာ ကယ်ဆော်ဖော့ခ် ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

တည်ခင်းဧည့်ခံ

ဇူလိုင် ၁၉ရက် ညပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံ) ဦးအောင်သိန်းလင်းသည် အဆိုပါချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ရှစ်မိုင်လမ်းဆုံရှိ Hotel Yangon ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

လမျက်နှာပြင်ပေါ် လူသားတို့ ခြေချနိုင်ခဲ့မှု နှစ်(၄၀)မြောက် ပြည့်မြောက်ခဲ့ပြီ

အာကာသသိပ္ပံ - မိုးမြင့်လင်းလက်

လ၏ မျက်နှာပြင်ပေါ်သို့ လူသားတို့ အောင်မြင်စွာ ခြေချနိုင်ခဲ့သည်မှာ ၂၀၀၉ ခုနှစ် ဇူလိုင် ၂၀ရက်၌ နှစ်ပေါင်း ၄၀ ပြည့်ခဲ့ပေပြီ။

အာကာသယာဉ်မှူးများ

လ၏ မျက်နှာပြင်ပေါ်သို့ ခြေချနိုင်ရေးအတွက် အပိုလို-၁၁ အာကာသလွန်းပြန်ယာဉ်ဖြင့်လိုက်ပါသွားခဲ့ကြသော အာကာသယာဉ်မှူးများမှာ နီးလ်အမ်းစထရောင်း၊ ဘတ်အယ်ဒရင်၊ မိုက်ကယ်ကောလင်းတို့ဖြစ်ကြသည်။

ရယူခဲ့

လ၏ မျက်နှာပြင်ပေါ်သို့ ပထမဆုံးဆင်းသူ အာကာသယာဉ်မှူးမှာ နီးလ်အမ်းစထရောင်းဖြစ်ပြီး အချိန်အတန်ကြာ လမ်းလျှောက်ကာလ၏ မျက်နှာပြင်မှ အစိုင်အခဲများကို ရယူခဲ့သည်။ ဒုတိယမြောက် လမျက်နှာပြင်ပေါ်သို့ဆင်းပြီး လမ်းလျှောက်သူမှာ အာကာသယာဉ်မှူး အယ်ဒရင်ဖြစ်သည်။ အယ်ဒရင်သည် လမျက်နှာပြင်၏ဖွဲ့စည်းမှုနှင့် မျက်နှာပြင်အနေအထားကို အသေးစိတ်လေ့လာ မှတ်တမ်းတင်နိုင်ခဲ့သည်။

ပြန်ဆင်း

အပိုလို-၁၁ အာကာသလွန်းပြန်ယာဉ်သည် လ၏မျက်နှာပြင်သို့ ၁၉၆၉ခုနှစ် ဇူလိုင် ၂၀ ရက်၌ ရောက်ရှိခဲ့ရာ အာကာသယာဉ်မှူးများ ခြေချနိုင်ခဲ့ပြီးနောက် ကမ္ဘာသို့ ပြန်လည်ဆင်းသက်ခဲ့ရာ ၁၉၆၉ခုနှစ် ဇူလိုင် ၂၄ရက်၌ ပြန်လည်ရောက်ရှိခဲ့သည်။ လ၏မျက်နှာပြင်ကို စူးစမ်းလေ့လာရန် အပိုလို-၁၁ အာကာသလွန်းပြန်ယာဉ်ခရီးစဉ်အတွက် ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၂၅ဒသမ၄ဘီလီယံခန့် ဖြစ်သည်။ ယင်းကုန်ကျငွေမှာ အပိုလို အာကာသလွန်းပြန်ယာဉ်ခရီးစဉ်အားလုံးအတွက် စုစုပေါင်းငွေကြေး သုံးစွဲမှုဖြစ်သည်။

နောက်ဆုံးရ အင်တာနက်အားကစားသတင်း

မလေးရှားနှင့် ဒုတိယပွဲစဉ် ဆက်လက်ယှဉ်ပြိုင် အိုဝင်ဂိုးသွင်းပြီး မန်ယူနှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရ

မောင်ချစ်ကြည် ရေးသားသည်

ကွာလာလမ်ပူ ဇူလိုင် ၂၀

ရာသီအကြို ခြေစမ်းပွဲများကစားရန် အာရှသို့ ခရီးထွက်လာသော မန်ယူအသင်းသည် အင်ဒိုနီးရှားဘောလုံးအသင်းနှင့် ကစားမည့်ပွဲစဉ်ကို ဖျက်သိမ်းပြီး မလေးရှားဘောလုံးအသင်းနှင့်ပင် ဇူလိုင်၂၀ရက်က ဒုတိယမြောက်ပွဲစဉ်အဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။

ကြည့်ရှု

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ဘူကစ်ဂျာလီအားကစားကွင်း၌ ဇူလိုင် ၂၀ရက်က ယှဉ်ပြိုင်ကစားသော မလေးရှားနှင့် မန်ယူတို့ပွဲကို ပရိသတ်တစ်သိန်းခန့် လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယှဉ်ပြိုင်ကစား

မလေးရှားနှင့် မန်ယူတို့ ဒုတိယပွဲစဉ်အဖြစ်ယှဉ်ပြိုင်ကစားရာ အိုဝင်က မန်ယူအတွက် ဒုတိယဂိုးကို ဤသို့သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

မန်ယူအသင်းတွင် ပထမပွဲစဉ်၌ ပါဝင်ကစားခဲ့သော ကစားသမားအများအပြားကို ချန်ထားကာ ကျန်ဘောလုံးသမားများဖြင့် ပွဲထုတ်ခဲ့သည်။ မန်ယူအသင်းတွင် **ဂိုး**-ဖော်စတာ၊ **နောက်တန်း**-ဘရောင်း၊ အီဗန်၊ ဖာဘီရိုနှင့်နဗီးလ်၊ **အလယ်တန်း**- ဖလက်ချာ ကာရစ်၊ ဂစ်နှင့် တိုဆစ်၊ **ရှေ့တန်း**-မာချေဒါနှင့် အိုဝင်တို့ ပါဝင်ကစားခဲ့ကြသည်။

ဂိုးသွင်း

မန်ယူအသင်းသည် ကစားကွက်အသာဖြင့် မလေးရှားအသင်းကို ဖိကစားနိုင်ခဲ့သည်။ ပွဲချိန် ၁၁မိနစ်၌ ဖလက်ချာဖြတ်ပေးလိုက်သည့် ဘောလုံးကို လူငယ် တိုက်စစ်မှူး မာချေဒါက သွင်းယူခဲ့သဖြင့် မန်ယူတို့ အဖွင့်ဂိုးရရှိခဲ့သည်။

အိုဝင်သွင်းဂိုး

အဖွင့်ဂိုးအသွင်းခံရသဖြင့် မလေးရှားအသင်း ပျာယာခတ်သွားရာ မန်ယူတို့ ဆက်တိုက်ထိုးဖောက်ကစားရာမှ ပွဲချိန် ၁၃မိနစ်၌ တိုက်စစ်မှူး အိုဝင်က မလေးရှားဂိုးသမားနှင့် တစ်ဦးချင်းအတွေ့၌ အနီးကပ်အပိုင်ကန်သွင်းယူလိုက်သဖြင့် မန်ယူတို့ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ အိုဝင်သည် မန်ယူအတွက် နှစ်ပွဲကစား နှစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် မန်ယူ၏ နံပါတ်(၇) ဂျာစီအင်္ကျီဝတ်ဆင်ကစားစေမှုမှာ မှန်ကန်ကြောင်း ဖာဂူဆန်က ပြောကြားခဲ့သည်။

အခြားချစ်ကြည်ရေးခြေစမ်းပွဲ

လော့စ်အိန်ဂျလိစ်ဂလက်ဆီ ၂-၂ အေစီမီလန်

(အင်တာနက်)

ကျင်းပ

လ၏ မျက်နှာပြင်ပေါ် လူသားတို့အောင်မြင်စွာ ခြေချနိုင်ခြင်း နှစ်(၄၀)မြောက် အထိမ်းအမှတ်အခမ်းအနားကို နာဆာ၌ ဇူလိုင် ၂၀ရက်က ကျင်းပရာ နိုင်ငံတကာ အာကာသယာဉ်မှူးများ၊ လ၏မျက်နှာပြင်ပေါ် ခြေချခဲ့သည့် အပိုလို-၁၁ အာကာသယာဉ်မှူးများ၊ နာဆာမှ အာကာသသိပ္ပံပညာရှင်များ တက်ရောက်ခဲ့ကြသည်။ ။

(အင်တာနက်)



လွန်ခဲ့သော နှစ် ၄၀က လမျက်နှာပြင်ပေါ်သို့ ဤသို့ အောင်မြင်စွာ ခြေချနိုင်ခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ချင်းပြည်နယ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဟားခါး၌ကျင်းပ

ဟားခါး ဇူလိုင် ၂၀

ချင်းပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ၂၀၀၉-၂၀၁၀ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင်၉ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

မှာကြား

ရှေးဦးစွာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက အမှာစကားပြောကြားရာတွင် ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်ရာ၌ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရေး၊ လုပ်ငန်းတစ်ခုလုပ်တိုင်း စံချိန်စံညွှန်း ပြည့်မီရေး၊ ငွေကြေးသုံးစွဲရာတွင် ခြိုးခြံချွေတာရေး၊ စေတနာရှိရှိလုပ်ကိုင်ရေးနှင့် ရငွေသုံးငွေများ ကိုက်ညီရေး စသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

လုပ်ငန်းဆောင်ရွက်

ဆက်လက်၍ ချင်းပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ်(မြို့ပြ)ဦးငွန်ဆန်းအောင်က ချင်းပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်မှုနှင့် ငွေလုံးငွေရင်း သုံးစွဲမှုအခြေအနေများကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တက်ရောက်လာကြသူများက လိုအပ်ချက်များ ရှင်းလင်းတင်ပြပြီးနောက် ချင်းပြည်နယ်စာရင်းစစ်ဌာန ညွှန်ကြားရေးမှူး ဦးစိုးထိုက်က စာရင်းစစ်ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်က နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့အဝင်ဆိုင်းဘုတ်နှင့် မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



ကျိုက်ထိုမြို့နယ် အလင်္ကာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ကျိုက်ထို ဇူလိုင် ၂၀

မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းစံပြကျေးရွာ အလင်္ကာစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၆ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ကင်မွန်းချောင်းစံပြကျေးရွာ အလင်္ကာစာကြည့်တိုက်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစိုးနိုင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းကြည်စိန်၊ ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝိတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါစာကြည့်တိုက်သည် အလျား ၁၈ပေ၊ အနံ ၁၂ပေ၊ အမြင့် ၁၅ပေရှိ၍ တန်ဖိုးငွေ ကျပ်သိန်း၅၀ကျော်ခန့် အကုန်အကျခံ၍ ဒေသခံပြည်သူများက စုပေါင်းလှူဒါန်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အသားရောင်းချဆိုင်များ ကူးစက်ရောဂါကင်းရှင်းရေး မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့စစ်ဆေး

မော်လမြိုင် ဇူလိုင် ၂၀

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံနှင့် အသားရောင်းချသည့်ဆိုင်များအား ကူးစက်ရောဂါကင်းရှင်းရေး၊ လတ်ဆတ်သည့် အသားများရောင်းချရေး၊ အလေးချိန်ခွင် မှန်ကန်ရေး၊ သတ်မှတ်ထားသည့် ဈေးနှုန်း အတိုင်းရောင်းချရေး၊ ဈေးစည်းကမ်းများ လိုက်နာရေး၊ ဈေးပတ်ဝန်းကျင်ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးမျိုးမင်းထွန်း၊ ဈေးများကြီးကြပ်ရေးနှင့် စည်းကမ်းထိန်းသိမ်းရေး တာဝန်ခံ ဦးစိုးနိုင်၊မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ ဝန်ထမ်းများပူးပေါင်း၍ ဇူလိုင်၂ရက်က မြိုင်ရတနာဈေး၊ ထားဝယ်စုဈေး၊ မောင်ငံဈေး၊ မုပွန်ဈေး၊ သီရိမြိုင်ဈေး၊ ဈေးကြိုဈေး၊မြေနီကုန်းဈေး၊မင်္ဂလာဈေး၊ ကျိုက်ဖနဲဈေး၊ ရွှေမြိုင်သီရိဈေး၊ သာယာရေးဈေး၊ ဇေယျာသီရိဈေး၊ သံလွင်ဈေးနှင့် လှိုင်ဈေးများကို ရှောင်တခင် ဝင်ရောက်စစ်ဆေးမှုများ ပြုလုပ်ကြသည်။

အဆိုပါ အဖွဲ့သည် ဈေးသူဈေးသားများ၊ ဝန်ထမ်းများနှင့်ပူးပေါင်း၍ ယင်းဈေးများ၌ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေမြောင်းများမှ အမှိုက်သရိုက်များ ဆယ်ယူခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ကြကြောင်း သိရသည်။

(ဝ၁၄)

မော်လမြိုင်ကျွန်း ကြက်လျှာစံပြကျေးရွာမှ အလင်းရောင်စာကြည့်တိုက်

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ — ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း(လမ်းမတော်) — စာမျက်နှာဖွဲ့စည်းမှု - သန်းဝင်း(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၀

အလင်းရောင်ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်·····။

အစိမ်းရောင်အောက်ခံတွင် အဖြူရောင်ဖြင့်ရေးသားထားသော ဆိုင်းဘုတ်ကို ထင်ထင်ရှားရှားမြင်တွေ့ရသည်။ ဆိုင်းဘုတ်နောက်ဘက်၌ မြေအကျယ် ပေ ၄၀× ပေ ၆၀ ရှိသော အကျယ်အဝန်းပေါ်၌ သပ်ရပ်စွာ တည်ဆောက်ထားသည့် ကြက်လျှာစံပြကျေးရွာမှ စာကြည့်တိုက်အဆောက်အအုံ။



ဗဟုသုတနှင့်အသိဉာဏ်အလင်းကို ဖွင့်လှစ်ပေးနိုင်သည့် အလင်းရောင်စာကြည့်တိုက်သို့ စာအုပ်များ လေ့လာဖတ်ရှုရန် လာရောက်နေကြသူများနှင့် စာအုပ်များငှားရမ်းပြီး ထွက်ခွာကြသူများကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ဖြည့်ဆည်းခဲ့

ရောဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ လှိုင်းဘုန်း၊ ကြက်လျှာ၊ ခနိချောင်း၊ ငွေဇင်ယော် စသည့်ကျေးရွာများမှာမုန်တိုင်းဒဏ်ခံခဲ့ရပြီးနောက် ပြန်လည်တည်ထောင်မှု လျင်မြန်ခဲ့သည်။ ကျေးရွာများအသစ်ပြန်လည်တည်ဆောက်ပေးရာတွင် နိုင်ငံတော်က လိုအပ်ချက်များကို စနစ်တကျအပြည့်အဝ ဖြည့်ဆည်းပေးခဲ့မှုကြောင့် အချိန်တိုအတွင်း ပြန်လည်ရှန်းထနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့တည်ဆောက်ပေးရာတွင် ကျေးရွာစာကြည့်တိုက်များလည်းပါဝင်ခဲ့ရာ ယခုကြက်လျှာစံပြကျေးရွာ စာကြည့်တိုက်၏ အသွင်အပြင်ကို မြင်တွေ့လိုက်ရခြင်းဖြစ်သည်။ စာကြည့်တိုက်သို့လာရောက်နေသူများ၊ စာကြည့်တိုက်မှ စာအုပ်များငှားပြီး ပြန်ထွက်လာသူများနှင့်စည်ကားနေသည်။

"တစ်ပတ်ကိုလေးရက်လောက် စာကြည့်တိုက်ကို ရောက်ဖြစ်ပြီး စာအုပ်တွေ ဖတ်ရှုဖြစ်ပါတယ်"

မအေးမိစံ-ကြက်လျှာရွာသူ။

ဖတ်ရှု

စာကြည့်တိုက်အတွင်း ဝင်ရောက်လေ့လာခဲ့ရာ စာဖတ်သူများ၊ စာအုပ်ငှားရမ်းနေသူများကိုတွေ့ရသဖြင့် လေ့လာကြည့်ရာ နေ့စဉ်ထုတ် သတင်းစာများ၊ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ဖတ်ရှုနေကြသည်ကို မြင်တွေ့ရသည်။ စာကြည့်တိုက် အတွင်းနံရံများ၌ ပိုစတာများကပ်ထားသဖြင့် လေ့လာကြည့်သည့်အခါ သဘာဝဘေး ကျရောက်ခဲ့ရာဒေသများရှိ ပြည်သူများ၏ကျန်းမာရေး အသိပညာပေးချက်များ၊ အိမ်သာအဆင်းလက်ဆေးရန်သတိပေးချက်များကို ရုပ်ပုံများနှင့်တကွ ချိတ်ဆွဲပြသထားသည်။

စာအုပ်ဗီရို၊ စာအုပ်စင်၊ စာကြည့်စားပွဲရှည်များခင်းကျင်းထားသဖြင့် စာဖတ်သူများ သက်သောင့်သက်သာ ဖတ်ရှုနိုင်အောင် ဖြည့်ဆည်းပေးထားသည်။ စာကြည့်တိုက်တွင် လာရောက်စာဖတ်နေသူ တစ်ဦးအား မေးမြန်းရာ "သမီးနာမည်က အေးမိစံဖြစ်ပါတယ်။ ငါးနဲ့ပုစွန် ရောင်းဝယ်တဲ့ လုပ်ငန်းလုပ်ကိုင်ပါတယ်။ စာကြည့်တိုက်ကို တစ်ပတ်ကို လေးရက်လောက်ရောက်ဖြစ်ပြီး စာအုပ်အစုံဖတ်တာပါပဲ။ အထူးသဖြင့် အမျိုးသမီးတွေရဲ့ အလှအပနဲ့ကျန်းမာရေးကိုဦးစားပေးဖတ်လေ့ရှိပါတယ်" ဟု မအေးမိစံက ပြောကြားသည်။

ရန်ပုံငွေ

အလင်းရောင် စာကြည့်တိုက်တွင် စာအုပ်ပေါင်း ၄၀၀ ကျော်ခန့်ရှိသည်။ ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ၊ သတင်းစာများနှင့် အချို့စာအုပ်များမှာ သမိုင်းမှတ်တမ်းစာအုပ်များဖြစ်သည်။ထိုစာအုပ်များမှာ လှူဒါန်းထားသောစာအုပ်များဖြစ်ပြီး စာကြည့်တိုက်ရန်ပုံငွေမှလည်း လိုအပ်သည့်စာအုပ်များ ထပ်မံဖြည့်ဆည်း ဝယ်ယူသွားမည်ဖြစ်သည်။

ဆောင်ရွက်

အလင်းရောင် စာကြည့်တိုက်တွင် စာအုပ်များကို စာငှားကတ်စနစ်ကျင့်သုံး၍ ငှားရမ်းခြင်းဖြစ်ပြီး နေ့စဉ်စာကြည့်တိုက်၌ စာငှားကတ်စနစ်ဖြင့် လာရောက် ငှားဖတ်သူ ၂၀ခန့်ရှိသည်။ စာကြည့်တိုက်၌ လာရောက်စာဖတ်သူဦးရေမှာ တစ်နေ့လျှင် ၂၅ဦးခန့်ရှိနေပြီဖြစ်ရာ ယခုထက် စာဖတ်သူဦးရေ တိုးတက်ရေးအတွက်လည်း စာကြည့်တိုက်ကော်မတီက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အိမ်ခြေ

ကြက်လျှာစံပြကျေးရွာတွင် အိမ်ခြေ ၄၆၁လုံးရှိပြီး ရွာလမ်းပေါင်း ၂၀ခန့်ရှိသည်။ အလင်းရောင် စာကြည့်တိုက်နေရာမှာ ကြက်လျှာစံပြကျေးရွာ၏ ရောဝတီနှင့်ကျွန်းပြာသာဒ်လမ်းထောင့်၌ တည်ရှိပြီး ရွာလယ်၌တည်ရှိရာ သွားလာရေး အဆင်ပြေသည်။

ဖွင့်လှစ်

ထို့ကြောင့် ကြက်လျှာစံပြကျေးရွာ အလင်းရောင်စာကြည့်တိုက်သို့အနီးဝန်းကျင် ကျေးရွာများမှပင် လာရောက်ကာ စာပေများ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။ အလင်းရောင်စာကြည့်တိုက်ကို နေ့စဉ် မွန်းလွဲ ၂ နာရီမှ ည ၇နာရီအထိ ဖွင့်လှစ်ပေးထားသည်။

အသိပညာပေး

ကြက်လျှာစံပြကျေးရွာတွင် အိမ်ခြေ ၄၆၁လုံးရှိပြီး အသိပညာ ဗဟုသုတရရှိစေရန် အလင်းရောင်စာကြည့်တိုက်သို့လာရောက်ကာ စာပေဖတ်ရှုသူများ နေ့စဉ်ရှိနေရာ ပြည်သူများအတွက် ထာဝရအသိပညာပေးရာ ဌာနတစ်ခုအဖြစ်လည်း ရပ်တည်နေသည်ကို တွေ့မြင်ခဲ့ရသည်။

လူနေမှုဘဝ

အလင်းရောင်စာကြည့်တိုက်မှ ပြန်ထွက်ပြီး ကြက်လျှာရွာသားများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အသိဉာဏ်မြင့်မားစေရန် ဖြည့်ဆည်းပေးနေသော စာကြည့်တိုက်များ အကြောင်းကို တွေးရင်း····။ ။

(မြန်မာ့အလင်း)

ကြက်လျှာစံပြကျေးရွာ အလင်းရောင်စာကြည့်တိုက်အတွင်း စာအုပ်များ လာရောက်ဖတ်ရှု လေ့လာနေကြသူများကို ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

လင်းလက်တောက်ပနေသော အာရှအနုပညာရှင်များ

ပြည်ပအနုပညာရပ်ဝန်း

မိုးမြင့်လင်းလက်

စာမျက်နှာဖွဲ့စည်းမှု

ကျင်သန်းဦး(မြန်မာ့အလင်း)

ပေကျင်း ဇူလိုင် ၂၀

အာရှနိုင်ငံတွေရဲ့ ရုပ်ရှင်သရုပ်ဆောင်တွေဟာ အနုပညာအရည်အသွေးပြည့်ဝကြပြီး ပရိသတ်အာရုံကို ဖမ်းစားလွှမ်းမိုးနိုင်အောင် သရုပ်ဆောင်တတ်ကြတာမို့ ကမ္ဘာတစ်ဝန်းမှာ အောင်မြင်ကျော်ကြားသူတွေအဖြစ် ရပ်တည်နိုင်ကြတဲ့သူတွေဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာတစ်လွှားမှာ အောင်မြင်ကျော်ကြားပြီး ပရိသတ်တွေ နှစ်သက်အားပေးမှုရရှိနေကြတဲ့ အာရှနိုင်ငံအချို့က နာမည်ကြီး ရုပ်ရှင်အနုပညာရှင်တွေအကြောင်းကို ဖော်ပြလိုက်ရပါတယ်-

တရုတ်ရုပ်ရှင်သရုပ်ဆောင် ဂျက်လီ

တရုတ်နိုင်ငံက နာမည်ကြီး သရုပ်ဆောင် ဂျက်လီဟာ အမေရိကန်နိုင်ငံ ဟောလီးဝုဒ်မှာ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးဖို့ ဇူလိုင်နောက်ဆုံး သီတင်းပတ်မှာ ခရီးထွက်မှာ ဖြစ်ပါတယ်။ ဂျက်လီဟာ သူပါဝင်သရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားတွေထဲက အကောင်းဆုံးသရုပ်ဆောင်ခဲ့တဲ့ အခန်းတွေကို စုစည်းပြီး အမှတ်တရအဖြစ် ပြန်လည်ထုတ်ဝေဖြန့်ဖြူးဖို့ ရှိတယ်လို့ဆိုပါတယ်။

ဂျက်လီရဲ့ 'Lethal Weapon 4', 'Romeo Must Die' နဲ့ 'The Forbidden Kingdon' ရုပ်ရှင် ဇာတ်ကားတွေဟာ နာမည်ကြီးပြီး အက်ရှင်သရုပ်ဆောင်ထဲမှာတော့ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်မှာ အကောင်းဆုံးသရုပ်ဆောင်အဖြစ် ရွေးချယ်ခြင်းခံရပါတယ်။

အခုလောလောဆယ်မှာတော့ ဂျက်လီဟာ စင်ကာပူနိုင်ငံကို ရောက်ရှိနေပြီး စင်ကာပူမှာ အိမ်တစ်လုံး ဝယ်ယူထားတာကို ပြင်ဆင်မှုတွေ ပြုလုပ်နေပါတယ်။ တကယ်တော့ ဂျက်လီရဲ့ မိသားစုဟာ စင်ကာပူနိုင်ငံကို ၂၀၀၇ခုနှစ်ကတည်းက ပြောင်းရွှေ့ ရောက်ရှိနေခဲ့တယ်လို့ ဆိုပါတယ်။ ဂျက်လီဟာ အက်ရှင်သရုပ်ဆောင်မှုတွေထက် ချစ်ခြင်းမေတ္တာဖွဲ့ဇာတ်လမ်းတွေကိုလည်း သရုပ်ဆောင်လိုတဲ့ ဆန္ဒရှိနေတာမို့ နယူးမင်းရုပ်ရှင်ကုမ္ပဏီနဲ့ လာမယ့် ခြောက်လအတွင်းမှာ အဲ့ဒီလိုဇာတ်လမ်းမျိုး ရုပ်ရှင် ဇာတ်ကားတွေ ရိုက်ကူးမယ်လို့ သိရပါတယ်။

ဟောလီးဝုဒ်သို့ ရုပ်ရှင်သွားရိုက်ဦးမည့် ဂျက်လီ။

ပရိသတ်နှစ်သက်အောင် သဘာဝကျစွာ သရုပ်ဆောင်တတ်သည့် ဂျန်ဖြိုး။

တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင် လီမင်းဟို(ဂျန်ဖြိုး)

အာရှရုပ်ရှင်ပရိသတ်တွေရဲ့ တစ်ခဲနက် အားပေးမှုကိုရရှိထားတဲ့ တောင်ကိုရီးယားအမျိုးသား ရုပ်ရှင်သရုပ်ဆောင်လီမင်းဟိုဟာ အခုချိန်မှာ ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွေ အဆက်မပြတ်ရိုက်ကူးနေရပါတယ်။ 'F4 ချစ်သူ' ရုပ်မြင်သံကြားဇာတ်လမ်းတွဲမှာ ဂျန်ဖြိုးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာဟာ ပီပြင်လွန်းလို့ ပရိသတ်တွေ နှစ်ခြိုက်အားပေးမှု ရရှိခဲ့သူလည်း ဖြစ်ပါတယ်။

ဒါ့အပြင် 'Hana Yori Dango', 'Boys Over Flowers' ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွေလည်း ၂၀၀၉ခုနှစ်အတွင်း အာရှနိုင်ငံတွေမှာ ပြသတော့မှာ ဖြစ်ပါတယ်။ ဂျန်ဖြိုးရဲ့ ကေဘီအက်စ်က ထုတ်လွှင့်မယ့် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲသစ်ကို လာမယ့် ၂၀၁၀ပြည့်နှစ် ဇန်နဝါရီလ ၅ရက်မှာ တောင်ကိုရီးယား နိုင်ငံ၌ စတင်ပြသပါတော့မယ်။

ဒါ့အပြင် သရုပ်ဆောင်ဂျန်ဖြိုးဟာ သူ့ရဲ့ အနုပညာရောင်းရင်းသုံးဦးနဲ့အတူ တေးသီချင်းအယ်လ်ဘမ် ထုတ်လုပ်ဖြန့်ချိဖို့လည်း စီစဉ်နေပါတယ်။ အဲ့ဒီအနုပညာရှင်တွေကတော့ ဂျန်ဖြိုးနဲ့အတူ ကင်ဟွန်ဂျွန်း၊ ကမ်ဘွမ်းနဲ့ ကမ်ဂျွန်တို့ဖြစ်ပြီး အပြီးသတ်တည်းဖြတ်မှုတွေ ပြုလုပ်နေပါတယ်။ ဒါကြောင့် ဂျန်ဖြိုးရဲ့ တေးသီချင်းတွေကိုလည်း ပရိသတ်တွေ နားဆင်ကြရဦးမှာ ဖြစ်ပါတယ်။

အိန္ဒိယရုပ်ရှင်မင်းသမီးချော ကာတရီနာ

အသက် ၂၅ နှစ်သာရှိသေးတဲ့ ကာတရီနာဟာ အိန္ဒိယရုပ်ရှင်လောကသာမက ဥရောပရုပ်ရှင် ပရိသတ်တွေကလည်း နှစ်ခြိုက်အားပေးမှု ရရှိထားတဲ့သူဖြစ်ပါတယ်။ အထူးသဖြင့် အမေရိကန်ဟောလီးဝုဒ်မှာ နာမည်ကြီးနေသူ ဖြစ်ပါတယ်။

ကာတရီနာ ပါဝင်သရုပ်ဆောင်ထားပြီး ရုံတင်ပြသ အောင်မြင်မှုရနေတဲ့ ရုပ်ရှင်ကားတွေကတော့ "Race, Welcome, Nanhe Jaisalmer နဲ့ Partner "တို့ဖြစ်ပါတယ်။ အဲဒီဇာတ်ကားတွေမှာ ကာတရီနာဟာ အပင်ပန်းခံရိုက်ကူးထားတာကြောင့် သနားဖွယ်၊ ချစ်ခင်ဖွယ် ကာတရီနာရဲ့ သရုပ်ဆောင်မှုကို မြင်တွေ့ရတာမို့ ပရိသတ်တွေ ကြိုက်နှစ်သက်ကြတယ်လို့ ဆိုပါတယ်။

ကာတရီနာရဲ့ လက်ရှိရိုက်ကူးနေပြီး မကြာခင်ပြီးစီးတော့မယ့် ရုပ်ရှင်ဇာတ်ကားတွေကတော့ "Singh is King,Yuvraaj နဲ့ Hello" ရုပ်ရှင်ဇာတ်ကားတွေ ဖြစ်ပါတယ်။ မကြာခင်မှာ ပရိသတ်များ ကြည့်ရှုအားပေးကြရတော့မှာ ဖြစ်ပါတယ်။ ကာတရီနာဟာ ပြီးခဲ့တဲ့ ၂၀၀၈ခုနှစ်က ဆွဲဆောင်မှုအရှိဆုံး အိန္ဒိယအမျိုးသမီး ၁၀၀ထဲမှာ နံပါတ်တစ်အဖြစ် ရွေးချယ်ခြင်းခံရခဲ့သူ ဖြစ်ပါတယ်။ ။

အိန္ဒိယအမျိုးသမီးသရုပ်ဆောင်များ၌ နာမည်အကြီးဆုံး ကာတရီနာ၏အပြုံး။

ကျောက်များစုဆောင်းထားရှိမှု

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျွဲတဲကမ်းနားလမ်း ကျောက်ချောခင်းရန် ကျောက်များစုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့ ကွင်းဆင်းကြည့်ရှုစဉ်။

(မြို့နယ်စည်ပင်)

လှိုင်ကော်ခရိုင် ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာစည်းဝေး

လှိုင်ကော် ဇူလိုင် ၂၀

ကယားပြည်နယ် အစိုးရဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်နှင့် လှိုင်ကော်ခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ (GEC) သမဝါယမအသင်းလီမိတက်တို့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၁၈ရက် နံနက် ၁၀နာရီက လှိုင်ကော်မြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဌာနဆိုင်ရာများမှ အသင်းသားများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးစိုင်းခမ်းဝင်းက ဆောင်ရွက်ပြီး ဒုတိယညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိတို့က အသင်းနှစ်သင်း၏ တိုးတက်ဖြစ်ပေါ်လာမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ပုံ)**

အတည်ပြု

ထို့အပြင် အသင်းနှစ်သင်း၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် အမှုဆောင်အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းပြီး သဘာပတိက အတည်ပြုကြသည်။

(ခရိုင် ပြန်/ဆက်)

မြစ်သား သုတမာလာစာကြည့်တိုက် အဆောက်အအုံဖွင့်

မြစ်သား ဇူလိုင် ၂၀

မြစ်သားမြို့နယ် နွားကူးကြီးကျေးရွာ သုတမာလာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၉ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးဇော်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်း၊ ရုပ်သံကျွမ်းကျင်-၃ ဦးငွေလှိုင်က စာကြည့်တိုက်များ စံ(၅)ချက်နှင့် ညီညွတ်ရေး ရှင်းလင်းဆွေးနွေး၍ လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ စေတနာရှင် ကျေးရွာသူကျေးရွာသားများမှ စုပေါင်း လှူဒါန်းသော ငွေပဒေသာပင် ကျပ်ငါးသောင်းနှင့် သုတ၊ ရသစာအုပ်စာပေများကို မြို့နယ် ဦးစီးမှူးနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

ထို့နောက် သုတမာလာ စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ဦးစီးမှူး၊ ကျေးရွာဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖ ဦးမောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်လုပ်ငန်းဖြစ်သော ဆိပ်ခွန်-ဇီးဖြူကုန်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မင်းတပ်မြို့နယ် ထွေ/အုပ် ဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ပေးအပ်

မင်းတပ် ဇူလိုင် ၂၀

မင်းတပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာသင်စရိတ်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၄ရက် မွန်းလွဲ ၂နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက အမှာစကားပြောကြားသည်။

ပေးအပ်

ထို့နောက် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင်တက်ရောက်နေကြသည့် တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ပညာသင်ကြားသူ ဝန်ထမ်းသားသမီးများအား ထောက်ပံ့ငွေများကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကွတ်ခိုင်စည်ပင် ခြင်ဆေးဖျန်း

ကွတ်ခိုင် ဇူလိုင် ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးအတွက် ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင်ဈေးများနှင့် မြို့ပေါ်ရှိအထက်တန်း၊အလယ်တန်း၊မူလတန်းကျောင်းများ၊ရပ်ကွက်များအတွင်း ခြင်ပေါက်ပွား ခိုအောင်းနိုင်သော နေရာများ၌ ဇူလိုင် ၇ရက်မှ ၁၃ရက်အထိ အဖွဲ့ဝန်ထမ်းများက ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြရာအမှုဆောင်အရာရှိဦးညွန့်ဝေက ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အင်တာနက်နှင့် အီးမေးလ် သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel)တို့ ပူးပေါင်းစီစဉ်မှုဖြင့် Internet နှင့် e-mail သင်တန်းအမှတ်စဉ်၁၁/၂၀၀၉ကို ဩဂုတ် ၃ရက်မှစ၍ ရှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းသူ အမျိုးသမီး ၃၀ သာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို**Information Channel (Computer Training Centre)အမှတ် ၁၅၄ ဦးချစ်မောင်လမ်း ဦးချစ်မောင်အိမ်ရာအနီး တာမွေမြလမ်းမှတ်တိုင် ဖုန်း-၀၉-၈၆-၁၀၅၃၀** တွင် ရယူ၍ ဩဂုတ် ၂ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ **(အမျိုးသမီးရေးရာ)**



ဥတုရာသီ တောကိုမှီ၏

အမည်ပြောင်း
အဖ ဦးခင်မင်း၏သား မအူပင်မြို့ အလက-၁ ပဋ္ဌမတန်း-ကမှ မောင်မင်းသူထွန်းအား မောင်မင်းသက်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းသက်ထွန်း။**

ဦးရောမြိုင်၏ ဇနီးမယားအဖြစ်မှ စွန့်လွှတ်ခြင်း သတင်းစာပါ ကြော်ငြာအပေါ် ငြင်းဆိုရှင်းလင်းချက်

၁၅-၇-၂၀၀၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၃ နှင့် ၁၆-၇-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၇ ပါ ဦးဇရာမြိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားရုံးချုပ်ရှေ့နေ ဦးသန်းငွေးနှင့် အထက်တန်းရှေ့နေ ဒေါ်ဝင်းနန္ဒာခိုင်တို့၏ ဇနီးမယားအဖြစ်မှ စွန့်လွှတ်ခြင်းနှင့် အများသိစေရန် ကြေညာခြင်းခေါင်းစဉ်ပါ ကြော်ငြာကို ဒေါ်ခင်သီတာမြင့် ၁၂/ကမတ(နိုင်) ၀၁၆၄၃၉ ၏ ညွှန်ကြားချက်အရ ငြင်းဆိုရှင်းလင်းပါသည်။

ဒေါ်ခင်သီတာမြင့်သည် လူမှုရေးအရ မည်သို့မျှ သည်းခံခွင့်မလွှတ်နိုင်သော လူမှုရေးကိစ္စကို ကျူးလွန်ခဲ့ခြင်းမရှိသကဲ့သို့ နေအိမ်မှထွက်ခွာသွားသည် ဆိုသည်မှာ မမှန်ကန်ပါ။ ဒေါ်ခင်သီတာမြင့်သည် သမီး၊ မိသားစုနှင့်အတူ မိမိနေအိမ်တွင် အေးချမ်းစွာ နေထိုင်မြဲနေထိုင်လျက်ရှိပါသည်။ ရွှေငွေလက်ဝတ်လက်စားများ၊ ငွေကြေးများ၊ အိမ်ဂရန်နှင့် Hand Phone တို့ကို ယူဆောင်သွားသည်ဆိုသည်မှာ မမှန်ပါ။ ဦးရောမြိုင် အနေဖြင့် အနှစ်(၂၀)ကျော် ပေါင်းသင်းနေထိုင်လာခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်သီတာမြင့်အား တစ်ဖက်သတ် ဇနီးမယားအဖြစ်မှ စွန့်လွှတ်သည်မှာ အတည်မဖြစ်ပါ။ မိသားစုကိစ္စအရပ်ရပ်သည် လင်နှင့်မယားတွင် အတူပူးတွဲတာဝန်ရှိပါသည်။

ဒေါ်ခင်သီတာမြင့်၏ ညွှန်ကြားချက်အရ-

ဒေါ်ရီရီမေ B.A (Law), LL.B
တရားရုံးချုပ်ရှေ့နေ (စဉ်-၃၀၁၄)
၈၃/၈၅၊ အခန်း ၁၄၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် ကျောင်းတွင်း ဘောလုံးပြိုင်

ရန်ကုန် ဇူလိုင် ၂၀

၂၀၀၈-၂၀၀၉ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းတွင်း ဘောလုံးပြိုင်ပွဲများ၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီက တက္ကသိုလ်များ ဘောလုံးကွင်း၌ကျင်းပရာ အားကစားနှင့် ပညာရေးပေါင်းစပ်မှုဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အမိဋ္ဌာန်ရွတ်ဆို

ဖွင့်ပွဲအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာနသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဘောလုံးအလုံး၂၀၀နှင့် ငွေကျပ်သိန်း ၁၀၀ကိုလည်းကောင်း၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ဧယျာရွှေမြေဘောလုံးအသင်းနှင့် တက္ကသိုလ်လက်ရွေးစင်ဟောင်းများက ဘောလုံးများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက လက်ခံယူသည်။ **(အပေါ်ပုံ)** ဆက်လက်၍ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအမိဋ္ဌာန် ရွတ်ဆိုကြသည်။

ပါဝင်ကစား

ထို့နောက် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် တက္ကသိုလ်များ လက်ရွေးစင်ဘောလုံးသမားဟောင်းများက သရုပ်ပြဘောလုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားကြသည်။ သရုပ်ပြပွဲ ယှဉ်ပြိုင်ကစားကြမည့် ဘောလုံးသမားဟောင်းကြီးများအား အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦးက မိတ်ဆက်ပေးသည်။ သရုပ်ပြပွဲတွင် မြန်မာ့လက်ရွေးစင်ဟောင်းများဖြစ်ကြသည့် သန်းတိုးအောင်၊ တင်မြင့်အောင်၊ အောင်နိုင်၊ ထွန်းထွန်းထက်၊ မြင့်သိန်း၊ အောင်ကျော်ကျော်၊ အောင်ကျော်ထူး၊ ရုပ်ရှင်သရုပ်ဆောင် ရာဇာနေဝင်းစသည့် ကစားသမားများ ပါဝင်ကစားခဲ့ကြသည်။

သရုပ်ပြပွဲအပြီးတွင် ပြိုင်ပွဲ၏ပထမနေ့ ပွဲစဉ်အဖြစ် ဒဂုံတက္ကသိုလ်အပြာရောင်အသင်းနှင့် အဝါရောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲကို ဇူလိုင်၂၀ရက်မှ ဩဂုတ်၄ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်များမှ ပြိုင်ပွဲဝင်အသင်း အမျိုးသား၄၁သင်း၊ အမျိုးသမီး ၂၁ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

(မြန်မာ့အလင်း)

ရွှေကူမြို့၌ စံပြကျေးရွာလုပ်ငန်းများ ဆောင်ရွက်

ရွှေကူ ဇူလိုင် ၂၀

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်လျက်ရှိသော မံဝိန်းစံပြကျေးရွာနှင့် စီမော် စံပြကျေးရွာများတွင် စံပြကျေးရွာအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းများအနက် ကျေးရွာလမ်းများကောင်းမွန်ရေး၊ ကျေးရွာချင်းဆက်လမ်းများကောင်းမွန်ရေး၊ မြို့နှင့်ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်ရေးနှင့် ဈေးစနစ်တကျ ထူထောင်ရေး၊ ဈေးမြေနေရာသတ်မှတ်ရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်အောင်နီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်ဆန်းယုနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင်တို့က ဇူလိုင်၁၉ရက် နံနက်၉နာရီတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

မံဝိန်းကျေးရွာနှင့် စီမော်စံပြကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးများတွင် အမှုဆောင်အရာရှိ ဦးခင်အောင်နီက စံပြကျေးရွာဆိုင်ရာလုပ်ငန်းများအား အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ရပ်မိ၊ ရပ်ဖများက မရှင်းလင်းသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါအကြောင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ ဆရာဝန်အသင်းက ကြီးမှူးကျင်းပသော ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ A(H1 N1) ကာကွယ်ရေးအကြောင်း ဆေးပညာဟောပြောပွဲကို ဇူလိုင်၂၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ ဆရာဝန်များ တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ *(သတင်းစဉ်)*

ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၀

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၇၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "ရန်ကုန်မြို့နှင့် နန်နင်းမြို့တို့ မိတ်ဆွေမြို့အဖြစ် လက်မှတ်ရေးထိုးရာတွင် နည်းပညာအကူအညီပေးရေးပါဝင်၊ ဂျပန်-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအဖြစ် မဲခေါင်ဒေသမှ လူငယ် ၅၀၀၀ကို ဖိတ်ခေါ်သွားမည်၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဆရာဝန်များအတွက် ဆရာဝန်မှတ်ပုံတင် (ဆမ) ထုတ်ပေးရန် မွမ်းမံသင်တန်းဖွင့်မည်၊ ရေသန့်ဘူးများအတွင်းတွင် တစ်စုံတစ်ရာတွေ့ရှိပါက FDA သို့ တိုက်ရိုက်အကြောင်းကြားနိုင်၊ ဧရာဝတီတိုင်းအတွင်း တစ်ရက်တည်းခြောက်နေရာ၌ လေဆင်နှာမောင်းတိုက်၊ ကြောင်စကားကို လူတွေနားလည်နေပြီလား၊ ဂျက်လေယာဉ်ကြီးတစ်စင်း ကြယ်ငါးပွင့်အဆင့် ဟိုတယ်ကြီးအဖြစ် ဘဝပြောင်း၊ မျောက်ကစက်ရုပ်ကို စိတ်ဖြင့် ရွေ့လျားစေနိုင်၊ ခြေနှစ်ဖက်လက်နှစ်ဖက် စလုံးမရှိသူ အစားထိုးကုသမှုခံယူပြီး ဇနီးသည်ကို လက်တွဲနိုင်ပြီ၊ ၂၁ရာစု၏ အချိန်အကြာဆုံး နေကြတ်ခြင်းကို ယခုဗုဒ္ဓဟူးနေ့တွင် မြန်မာအပါအဝင် အာရှနိုင်ငံအချို့၌ ထင်ထင်ရှားရှားတွေ့မြင်ရမည်၊ တရုတ်နိုင်ငံမှစုံတွဲက ပျားအကောင် ၁၀၀၀၀အုံနေသည်ကို ပြသ၊ အယ်လ်နီညိုလာလျှင် သူတို့ပါလာမည်၊ လွန်ခဲ့သည့် ၁၄နှစ်က နှလုံးအစားထိုးကုသရာ၌ မဖယ်ရှားဘဲချန်ခဲ့သည့် ကိုယ်ပိုင်နှလုံးက အံ့သြဖွယ်ရာ အပြည့်အဝ ပြန်လည်ကောင်းမွန်လာ၊ A(H1 N1) တုပ်ကွေးရောဂါသည် ခန့်မှန်း၍မရနိုင်သော အမြန်နှုန်းဖြင့် ပြန့်ပွားလျက်ရှိဟု WHO ကဆို၊ သားအိမ်နှစ်ခုနှင့် အမျိုးသမီး အောင်မြင်စွာ ကလေးမွေးဖွားနိုင်ခဲ့၊ မက်ဒေါနား၏ ဖျော်ဖြေပွဲကျင်းပရန် မာဆေးအသင်း၏ ဘောလုံးကွင်း၌ ပြင်ဆင်နေစဉ် ခေါင်မိုးပြိုကျ၍ နှစ်ဦးသေဆုံးပြီး ပွဲစဉ်ကို ဖျက်သိမ်းလိုက်ရ၊ မိုက်ကယ်ဂျက်ဆင်သေဆုံးမှုကို လူသတ်မှုအဖြစ် အမှုဖွင့်လိုက်ပြီ၊ မန်ယူအသင်း မရောက်မီတစ်ရက်တွင် ဂျကာတာမြို့ရှိ တည်းခိုမည့် ဟိုတယ်ကြီး ဗုံးခွဲခံရ၍ ဘောလုံးပွဲကို ဖျက်သိမ်းလိုက်ရ…"စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် စာမျက်နှာ ရှစ်မျက်နှာတိုးမြှင့်ထားသော်လည်း ဈေးနှုန်းမတက်ဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးရစ်ငါးသန် ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် ဇူလိုင်၇ရက်က ခြင်ခိုအောင်းနိုင်သော နေရာများ၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကျန်းမာရေးမှူး-၂ ဦးဇော်နိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဥမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြို့မရပ်ကွက် စိန်ပန်းမြိုင်လမ်းအဝင် တံတားအောက် ပိတ်ဆို့နေမှုကို ဇူလိုင် ၁၄ ရက်က အမှုဆောင်အရာရှိ ဦးသန်းစိုးဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများဖြင့် တူးဖော်စဉ်။

(မြို့နယ်စည်ပင်)

ဧရာဝတီတံတား (မကွေး) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

နေပြည်တော် ဇူလိုင် ၂၀

ဧရာဝတီမြစ်ကူး ဧရာဝတီတံတား (မကွေး) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁)နှင့် (၂)အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားသည်။ ယခုအခါ ဧရာဝတီမြစ်ရေတိုးလာပြီး ရေလမ်းကြောင်းနှင့် ရေစီးနှုန်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင်၂၀ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့် (၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့် (၃)အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်ထားသည်။

မီးထွန်းပြသထား

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ(၁၁၀)ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၇မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့မြင်အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင် ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ၂၀ခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်း ချိတ်ဆွဲ ဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက်သတင်း ထုတ်ပြန်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

တစ်ပတ်အတွင်း နိုင်ငံတကာသဘာဝဘေးသတင်းများ



ဇူလိုင် ၁၂ရက်မှ ၁၈ရက်

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ဇူလိုင် ၁၂ - တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ် တောင်ပိုင်းနှင့် ကွမ်တုံပြည်နယ်တို့တွင် မုန်တိုင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် ရေလွှမ်းမှုများ ဖြစ်ပွားခဲ့သည်။ နေအိမ်များ ရေနစ်မြုပ်ခဲ့ပြီး ဒေသခံအချို့ သေဆုံးခဲ့သည်။ **(အောက်ပုံ)**

ဇူလိုင် ၁၃ - ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ငါးဖမ်းစက်လှေများပျောက်ဆုံးပြီး ရေလုပ်သား ၂၀ကျော်သေဆုံးခဲ့သည်။ ယင်းမုန်တိုင်းသည် ဒါကာမြို့မှ ကီလိုမီတာ၄၀၀ခန့်အကွာ တက်ခ်နက်ဖ်မြို့သို့ ဦးတည်တိုက်ခတ်ခဲ့ခြင်းဖြစ်ရာ နေအိမ်များပျက်စီးခဲ့သည်။

ဇူလိုင် ၁၄ - အင်ဒိုနီးရှားနိုင်ငံဆူမတြားကျွန်း ကမ်းလွန်တွင် ရစ်ချ်တာစကေး ၅ဒသမ၉ အင်အားရှိသောငလျင် လှုပ်ခဲ့သည်။ ယင်းငလျင်လှုပ်မှုကြောင့် ဆူမတြားကျွန်း၏ အစိတ်အပိုင်းအချို့တွင် နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့ပြီး ပျက်စီးမှုအနည်းငယ်ရှိခဲ့သည်။

ဇူလိုင် ၁၅ - နယူးဇီလန်နိုင်ငံတောင်ပိုင်း ကျွန်းစုဒေသတွင် ရစ်ချ်တာစကေး ၆ဒသမ၆ရှိသော အင်အားပြင်းငလျင်လှုပ်ခဲ့ရာ နေအိမ်အဆောက်အအုံများ ပြိုကျပျက်စီးခဲ့ကြောင်း နယူးဇီလန်အရာရှိများက ပြောကြားသည်။

ဇူလိုင် ၁၆ - ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်းမြောက်ပိုင်းကိုဖြတ်ကာ မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားခဲ့ရာ ဒေသခံ၁၀ဦးခန့်သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။**(အောက်ပုံ)**

ဇူလိုင် ၁၇ - မက္ကဆီကိုနိုင်ငံ အနောက်တောင်ပိုင်းဒေသများသို့ ဒိုလိုရက်စ်အမည်ရှိ မုန်တိုင်းတိုက်ခတ်ခဲ့ရာ နေအိမ်များပျက်စီးခဲ့ကြောင်း ယင်းမုန်တိုင်းသည် တစ်နာရီ ၆၅မိုင်နှုန်းတိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် နေအိမ်များ ရေလွှမ်းခဲ့ကြောင်း မက္ကဆီကိုနိုင်ငံအရာရှိများက ပြောကြားသည်။ (အောက်ပုံ)

ဇူလိုင် ၁၈ - တရုတ်နိုင်ငံ အနောက်တောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းပြီးမြေပြိုမှုများဖြစ်ပွားရာ ၁၅ဦး သေဆုံးခဲ့ကြောင်း၊ နေအိမ်လေးလုံး ပျက်စီးပြီး လူအချို့ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အီကွေဒေါသမ္မတနိုင်ငံ

သတင်းအကျဉ်း သတင်းအက်ဆေး

အီကွေဒေါသမ္မတနိုင်ငံသည် တောင်အာဖရိကတိုက် အနောက်ဘက်ကမ်းခြေဒေသတွင် တည်ရှိသည်။ ဤနိုင်ငံ၌ ကိုလိုနီခေတ်က စပိန်အမျိုးအနွယ်များ အာဖရိကကျွန်များမှ ဆင်းသက်လာကြသူများအပါအဝင် ဒေသခံပြည်သူတို့ အစုလိုက်အပြုံလိုက် မှီတင်းနေထိုင်ကြသည်။

တစ်ချိန်က အင်ကာအင်ပါယာ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်ခဲ့သည့် ကွီတိုမြို့တော်တွင် အကောင်းဆုံး ထိန်းသိမ်းထားသည့် ကိုလိုနီခေတ်ဦး ဗိသုကာလက်ရာအချို့ကို တွေ့မြင်နိုင်သည်။

ကွီတိုကိုမြို့တော်အဖြစ် ထားရှိကာ၊ ကာရစ်ပြည်သူတို့နေထိုင်ရာ ဘုရင့်နိုင်ငံကို ၁၄၅၀ပြည့်လွန်နှစ်များအတွင်းက ပီရူးနိုင်ငံမှ အင်ကာတို့ ကျူးကျော်သိမ်းပိုက်သည်။ ၁၅၃၄ခုနှစ်တွင် အီကွေဒေါနိုင်ငံကို စပိန်တို့ သိမ်းယူလိုက်သဖြင့် ပီရူးမှ စပိန်ဘုရင်ခံ စီရင်အုပ်ချုပ်ပိုင်ခွင့် အာဏာအောက်သို့ ရောက်ရှိသွားပြန်သည်။

အောင်နိုင်

၁၈၂၂ခုနှစ်တွင် လွတ်လပ်ရေးခေါင်းဆောင် ဆိုင်မွန်ဘိုလစ်ဘာ၏ နောက်လိုက် အင်တိုနီဟိုဆေးဒီဆူကာက ပီချင်ချာစစ်ပွဲတွင် စပိန်သစ္စာခံများအပေါ် အောင်နိုင်လိုက်သည်။ အီကွေဒေါနိုင်ငံသည်လည်း ကိုလံဘီယာ၊ ပနားမား၊ ဗင်နီဇွဲလားတို့ပါဝင်သည့် လွတ်လပ်သော ဂရန်ကိုလံဘီယာနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဖြစ်လာသည်။

ကျူးကျော်

၁၈၃၀ ပြည့်နှစ်တွင် ဂရန်ကိုလံဘီယာမှ ခွဲထွက်ကာ အီကွေဒေါနိုင်ငံ လွတ်လပ်ရေးရသည်။ ၁၉၄၁ ခုနှစ်တွင် အီကွေဒေါနိုင်ငံမှ သတ္တုတွင်းထွက်ပစ္စည်းကြွယ်ဝသည့် အယ်အိုရိုပြည်နယ်အတွင်း ပီရူးက ကျူးကျော်သည်။ ၁၉၄၂ ခုနှစ်တွင် ရီယိုစာချုပ်အရ စတုရန်းကီလိုမီတာ ၂၀၀၀၀ကျယ်ဝန်းသည့် အငြင်းပွားနယ်မြေကို အီကွေဒေါနိုင်ငံက ပီရူးလက်သို့ ထိုးအပ်ခဲ့ရသည်။

ရွေးချယ်

၁၉၄၈-၆၀ခုနှစ်များအတွင်း ငှက်ပျောသီးအရောင်းအဝယ်ကောင်းသည့်အတွက် ကြွယ်ဝလာသည်။ ၁၉၆၃ခုနှစ်တွင် သမ္မတကာလို့စ်အာရိုဆီဂီနာကို စစ်တပ်က အာဏာသိမ်းပြီး လူမှုရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သည်။ ၁၉၆၆ခုနှစ်တွင် ဆန္ဒပြမှုများဖြစ်ပွားအပြီး ကြားဖြတ်အစိုးရတက်လာသည်။ ယင်းနောက် တိုင်းပြု ပြည်ပြု လွှတ်တော်သစ်က အော့တိုအာရိုဆီမီနာဂိုမက်ကို နိုင်ငံတော်အကြီးအကဲအဖြစ် ရွေးချယ်လိုက်သည်။

အုပ်ချုပ်

၁၉၆၇ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုသည်။ ၁၉၆၈ခုနှစ်တွင် သမ္မတဟောင်း ဟိုဆေးမာရီယာဗီလက်စကိုအား ပဉ္စမအကြိမ်မြောက် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။

နုတ်ထွက်

၁၉၇၂ခုနှစ်တွင် ရေနံကြောင့် ဤနိုင်ငံသည် အရေးပါသော ရေနံရောင်းနိုင်ငံ တစ်နိုင်ငံဖြစ်လာသည်။ သမ္မတဗီလက်စကိုအား ဖြုတ်ချပြီး ဗိုလ်ချုပ်ကြီးရိုဒရီဂွက် သမ္မတဖြစ်လာခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်က ဒီမိုကရေစီ ပြန်လည်ကျင့်သုံးရမည်ဟု ကြေညာသည်။ ၁၉၈၂ခုနှစ်တွင် ရေနံဈေးကျသဖြင့် စီးပွားရေးကျဆင်းမှုအခြေ ပိုမိုဆိုးရွားလာကာ သပိတ်မှောက်ဆန္ဒပြမှုများကြောင့် အရေးပေါ်အခြေအနေ ကြေညာခဲ့ရသည်။ ၁၉၉၂ခုနှစ်တွင် ရေနံတိုးထုတ်ရန် ဤနိုင်ငံသည် အိုပက်အဖွဲ့မှ နုတ်ထွက်သည်။

သတ်မှတ်သုံးစွဲ

၁၉၉၈ခုနှစ်တွင် ဂျမီးလ်မာဟွက် သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၂၀၀၀ပြည့်နှစ်တွင် မာဟွက်ဖြုတ်ချခံရပြီး ဒုတိယသမ္မတ ဂူစတာဗိုနိုဘိုအာ သမ္မတဖြစ်လာသည်။ ငွေကြေးဖောင်းပွမှု တိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာငွေကို နိုင်ငံသုံးငွေအဖြစ် သတ်မှတ်သုံးစွဲသည်။

အစားထိုး

၂၀၀၂ခုနှစ် နိုဝင်ဘာလတွင် လက်ဝဲခေါင်းဆောင် လူစီယိုသမ္မတရွေးကောက်ပွဲ၌ အနိုင်ရသည်။ ၂၀၀၃ခုနှစ် ဇန်နဝါရီလတွင် ကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံသည်။ ၂၀၀၅ခုနှစ် ဧပြီလတွင် ကွန်ဂရက်က သမ္မတလူစီယိုကို ဖယ်ရှားပြီး အယ်ဖရက်ဒိုပါလာစီယိုကို အစားထိုးလိုက်သည်။

၂၀၀၆ခုနှစ် မတ်လတွင် အမေရိကန်နှင့် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူမည့်အရေးကို တစ်နိုင်ငံလုံး ကန့်ကွက်ဆန္ဒပြသည်။ ၂၀၀၆ခုနှစ် နိုဝင်ဘာလတွင် ရာဖေးကော်ရီးယားစ်က သမ္မတရွေးကောက်ပွဲတွင် အနိုင်ရသည်။ ၂၀၀၇ခုနှစ် အောက်တိုဘာလ ရွေးကောက်ပွဲတွင် သမ္မတရာဖေးကော်ရီးယားစ်ပါတီက တိုင်းပြု ပြည်ပြု လွှတ်တော်အမတ်နေရာ ၁၃၀ အနက် နေရာ၈၀ ရလိုက်သည်။

ကတိပေး

ဆင်းရဲသားပြည်သူပြည်သားများ အကျိုးခံစားစေရန် လူမှုတော်လှန်ရေးဆင်နွှဲမည်ဟု သမ္မတရာဖေးကော်ရီးယားစ်က ကြေညာကတိပေးထားသည်။ သူသည် စီးပွားရေးပါရဂူဘွဲ့ရထားသူဖြစ်ပြီး ကွီတိုမြို့ ဆန်ဖရန်စစ္စကိုတက္ကသိုလ်တွင် ပါမောက္ခအဖြစ် ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

တိုးတက်လာ

အစဉ်အလာအားဖြင့် အီကွေဒေါသမ္မတနိုင်ငံမှာ လယ်ယာစိုက်ပျိုးရေးနိုင်ငံ ဖြစ်သည်။ ၁၉၆၀ ပြည့်လွန်နှစ်များတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် ရေနံရှာဖွေတွေ့ရှိမှုတို့ကြောင့် စီးပွားရေးတိုးတက်လာရသည်။ စီးပွားရေးတိုးတက်လာသည်နှင့် အမျှ ကျန်းမာရေး၊ ပညာရေးနှင့် အိမ်ရာဆောက်လုပ်ရေး ကဏ္ဍများ၌လည်း တစ်ပြေးညီ ခေတ်မီဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

တစ်ချိန်က အင်ကာအင်ပါယာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ခဲ့သည့် ကွီတိုမြို့တော်တွင် အကောင်းဆုံးထိန်းသိမ်းထားသည့် ကိုလိုနီခေတ်ဦး ဗိသုကာလက်ရာအချို့ကို တွေ့မြင်နိုင်။

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် အသက် (၁၃)နှစ်အောက် ကျောင်းတွင်းဘောလုံးပြိုင်ပွဲကို ဇွန်၂၀ရက်က အထက(ကျုံကူး)၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားစဉ်။ (ပညာရေး)

ကျောက်တံခါး၌ ပညာ့အလင်းရောင်စာကြည့်တိုက်ဖွင့် သုတ၊ ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ကျောက်တံခါး ဇွန် ၁၅

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာအုပ်စု သူဌေးကုန်းကျေးရွာနေ အလှူရှင်ဒေါ်တင်ကြည် ဆောက်လုပ်လှူဒါန်းသော ပညာ့အလင်းရောင် စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇွန်၇ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမောင်မောင်ဇော်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာငှားကတ်စနစ် ကျင့်သုံးဆောင်ရွက်ရေးအကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးမျိုးတင့်က အဆောက်အအုံအလှူရှင် ဒေါ်တင်ကြည်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး စေတနာရှင်အလှူရှင်များက စာကြည့်တိုက်သို့ သုတ၊ ရသ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီက လက်ခံယူသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် အလှူရှင် ဒေါ်တင်ကြည်မိသားစုက အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ သာယာဝတီတွင်ကျင်းပ

သာယာဝတီ ဇူလိုင် ၁၅

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီက သာယာဝတီမြို့နယ် မြန်မာ့မီးရထားပိုင် မြေနေရာ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစန်းမြင့်အောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် ဝန်ထမ်းများ၊ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းနှင့် ဝန်ထမ်းများ တက်ရောက်၍ ပျိုးပင်များ စိုက်ပျိုးကြသည်။ **(အောက်ပုံ)**

မြန်မာ့မီးရထားပိုင်မြေနေရာတွင် ကျွန်းပင် ၅၀၀၊ ယမနေအပင် ၁၀၀၀၊ ယူကလစ်ပင် ၃၀၀တို့ကို စုပေါင်းစိုက်ပျိုးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်ဆောက်ရန် ပေါင်မြို့၌ ပန္နက်တင်

ပေါင် ဇူလိုင် ၁၄

မွန်ပြည်နယ် ပေါင်မြို့နယ်ကော့ကရင်ကျေးရွာ သပြေရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇွန် ၉ရက် နံနက် ၉နာရီက အဆိုပါအဆောက်အအုံသစ် ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင်ပေါင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး သန်းလွင်၊ အလှူရှင် ဦးအေးမောင်ကိုယ်စား ဦးထွန်းဇော်နှင့်မြို့နယ်ဦးစီးမှူးဒေါ်ချိုမြတ်မြတ်ထွေးတို့က ပန္နက်ရိုက်ပေးကြပြီး ငွေကျပ်သိန်း၁၅၀ကျော် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆေးလိပ်မသောက်ရေးနေ့ ဘားအံမြို့၌ ကျင်းပ

ဘားအံ ဇူလိုင် ၁၀

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို မေ ၃၁ရက် နံနက် ၉နာရီက ဘားအံမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ပါမောက္ခဒေါက်တာကျော်မြင့်၏ ဆေးလိပ်မသောက်ရေးနေ့တွင် ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ငွေနောင်က ဖတ်ကြားသည်။ ဆက်လက်၍ တက်ရောက်လာသူများက ဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ပြည်မြို့၌ ကျင်းပ

ပြည် ဇူလိုင် ၁၅

ပဲခူးတိုင်း(အနောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၀၉ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၃ရက် နံနက် ၉နာရီက ပြည်မြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးသန်းထွန်း၊ ပြည်ခရိုင်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဘမင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်းပညာရေးမှူး ဦးဇော်ဝင်းနှင့် တိုင်းအတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ ရိုးရာပန်းပညာရှင် ဦးစိုးဟန်လေးနှင့် ပြိုင်ပွဲကြီးကြပ်ရေးအဖွဲ့ဝင်များ အားပေးကြည့်ရှုကြသည်။

အဆိုပါ ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲသို့ ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၁၀၁ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ **(တိုင်း ပြန်/ဆက်)**

သထုံမြို့နယ် ညောင်လေးပင်-ကတိုက်ကြီးကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်သိန်း ဇူလိုင် ၅ရက်က ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးစိုးလွင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မြို့အဝင် မင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းရန် ကျောက်စုဆောင်းထားရှိမှုကို ဇွန် ၃၀ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မင်းပြား၌ လမ်းပြကြယ်စာကြည့်တိုက်ဖွင့်

မင်းပြား ဇူလိုင် ၁၆

ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ဖြစ်ပေါ်ရေးအတွက် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇွန်၂၁ရက်က မင်းပြားမြို့၌ လမ်းပြကြယ် စာကြည့်တိုက်ဖွင့်ပွဲကို ကျင်းပရာ ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်စိုးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်သိန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူးက စာအုပ်စာစောင် တိုးပွားရေး၊ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဟောပြောပြီး မြို့နယ်ဦးစီးမှူးဒေါ်သောင်းရွှေက စာကြည့်တိုက်အတွက် စာအုပ်နှင့် ရေဒီယိုတစ်လုံး ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ သွေးလွန် တုပ် ကွေး ရောဂါကြိုတင်ကာကွယ်ရေးအတွက် အမှတ် (၆) ရပ်ကွက်အမကကျောင်းတွင် ဇွန် ၂၇ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ခြင်ဆေးဖျန်းခြင်း လုပ်ငန်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးတင်ဦးလေး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ကျောက်ကြီး၌ ရေပေးဝေရေး ရေကန်ဆောင်ရွက်

ကျောက်ကြီး ဇူလိုင် ၁၁

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုသည် မေ ၁၅ ရက်က ကျောက်ကြီးမြို့သို့ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့မဈေးအတွင်း ရေပေးဝေရေးလုပ်ငန်း ဂါလန် ၃၀၀၀ဆံ့ ရေကန် ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်တို့က ရှင်းလင်းတင်ပြကြသည်။ (ဝ၄၅)

အမည်မှန်

၇/ပတန(နိုင်) ၁၂၀၉၀၆ကိုင်ဆောင်သူ မောင်ဇော်ရဲအောင်သည် မွေးစာရင်းအမှန်အရ မောင်စိုးထက်နိုင် ဖြစ်ပါသည်။



အများသိစေရန်

ကျွန်တော်၊ ကျွန်မတို့ပိုင် ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း မြောက်ရပ်ကွက်၊ ရန်ကင်းလမ်း၊ အိမ်အမှတ်(၃၃) ဦးတင်လှိုင်အမည်ပေါက် မြေတိုင်းရပ်ကွက် ၂၈ (B)၊ မြေကွက်အမှတ် ၂၆နှင့်ပတ်သက်သော မြေဝယ်စာချုပ်နှင့် အိမ်ဝယ်စာချုပ်များ ပျောက်ဆုံးသွားပါသဖြင့် သက်ဆိုင်ရာအသီးသီးသို့ တိုင်ကြားထားပါကြောင်းနှင့် ၎င်းစာချုပ်များနှင့်ပတ်သက်၍ လက်ဝယ်ရှိသူမှ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းတို့ကို မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးမြသွင် AA-၀၆၂၀၂၄
ဒေါ်ဝင်းကြည် AA-၀၂၆၁၄၆။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဇူလိုင် ၂၀

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ**အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄**၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း(မဟာဗန္ဓုလလမ်းထောင့်)ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများလက်ခံပေးလျက်ရှိပါသည်။ **အထက်ပါနှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလိုပါသည်-

(က) **Transmitter နှင့် ဆက်စပ်ပစ္စည်းများ**

(၁)	300 W TV Transmitter	- 1 Set
(၂)	100 W TV Transmitter	- 1 Set
(၃)	50 W TV Transmitter	- 4 Sets
(၄)	10 W TV Transmitter	- 3 Sets

(ခ) **လုပ်ငန်းသုံးစက်ပစ္စည်းများ**

(၁)	e-Network Equipment	- 1 Lot
(၂)	Maintenance Equipment	- 1 Lot
(၃)	ရုပ်မြင်နှင့်အသံလွှင့်လုပ်ငန်းသုံးပစ္စည်းများ	- 1 Lot
(၄)	ရုံးသုံးစက်ကိရိယာများ	- 1 Lot

၂။ တင်ဒါပေးသွင်းမှုကို ၅-၈-၂၀၀၉ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၄၅၇၄၊ ၅၃၆၀၂၉။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၁၈၇/ခ၊ မြေကွက်တည်နေရာ အမှတ်(၁၈၇/ခ)၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးမြမောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးမြမောင်နှင့် ဇနီးဒေါ်တင်တင် ကွယ်လွန်သဖြင့် (၁) ဦးသိန်းထွန်း ၁၂/တကန(နိုင်)၀၈၉၅၉၀၊ (၂) ဦးခင်မောင်ထွေး ၁၂/တကန(နိုင်)၀၈၉၅၈၉၊ (၃) ဦးသန်းထွန်းလတ် ၁၂/ဥကတ (နိုင်)၀၁၄၅၃၉ တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ရောင်းရန်ကြော်ငြာ

တရားမပုံစံအမှတ်-၉၄

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ်-၁၀၀(အမ်)

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ရန်ကုန်မြို့။ **တရားနိုင်**	နှင့်	၁။ ဦးကျော်ဇံ ၂။ ဒေါ်မာမာဝေ ၃။ ဦးမောင်ဌေး **တရားရှုံးများ**

၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၄၄၂တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ် ဩဂုတ် ၂၄ရက်(မြန်မာသက္ကရာဇ်၁၃၇၁ခုနှစ် တော်သလင်းလဆန်း၅ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

လုပ်ငန်းရှင် ဦးကျော်ဇံနှင့် သမီးဒေါ်မာမာဝေ၊ သားဦးမောင်ဌေးတို့ပိုင်ဆိုင်သည့် ၁၉-၃-၁၉၉၂ ရက်မှ ၁၈-၃-၂၀၀၂ရက်အထိ သက်တမ်းရှိ ၁၀နှစ်ဂရန်မြေ၊ အကွက်အမှတ်-၁၁/ဂ၊ ဈေးရပ် မိတ္ထီလာမြို့၊ ဦးပိုင်အမှတ် ၁-ဆ/၁၊ ဧရိယာ ၀ ဒသမ ၀၄၂၈ကေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက် တစ်လုံးအဆောက်အအုံ။ **လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၅၀။**

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် ဇူလိုင် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **စိန်လှ**

တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲတော်ကြီး

(၁၀၉)ကြိမ်မြောက်၊(၁၁၂)နှစ်ပြည့် ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲတော်ကြီးကို ၁၃၇၁ခုနှစ် တော်သလင်းလဆန်း ၁၂ရက်(၃၁-၈-၂၀၀၉)ရက်မှ တော်သလင်းလပြည့်ကျော် ၁ရက် (၄-၉-၂၀၀၉)ရက်အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပါသည်။

၁၃၇၁ခုနှစ် တော်သလင်းလဆန်း ၁၃ရက် (၁-၉-၂၀၀၉)ရက် မွန်းလွဲ ၁နာရီမှစတင်၍ ဗုဒ္ဓမြတ်စွယ်တော်ရတနာကို ဆင်တော်ပေါ်သို့ပင့်ဆောင်ပြီး ယိမ်း၊ နိပါတ်၊ ဘာသာရေးအဖွဲ့အစည်းများ လိုက်ပါခြံရံလျက် မြို့ပေါ်သို့ လှည့်လည်အပူဇော်ခံပါမည်။

၁၃၇၁ခုနှစ် တော်သလင်းလဆန်း ၁၄ရက်မှ တော်သလင်းလပြည့်နေ့ ည ၁၀နာရီအထိ ဗုဒ္ဓမြတ်စွယ်တော်ရတနာကို စိန်ကြုတ်မှဖွင့်လှစ်၍ ပကတိအတိုင်း ပူဇော်ခံထားရှိမည်ဖြစ်သည်။ ဈေးဆိုင်ဟောင်းများကို တော်သလင်းလဆန်း ၁ရက် (၂၀-၈-၂၀၀၉)ရက်မှစ၍ တော်သလင်းလဆန်း ၃ရက် (၂၂-၈-၂၀၀၉)ရက်အထိ ရောင်းချပြီး ဈေးဆိုင်သစ်များကို တော်သလင်းလဆန်း၄ရက် (၂၃-၈-၂၀၀၉)ရက်မှ စ၍ စတင်ရောင်းချမည်ဖြစ်ပါသည်။

အခြားမြို့နယ်များသို့ အလှူခံမစေလွှတ်ပါ။

မြတ်စွယ်တော်အခမ်းအနားစီစဉ်မှုအဖွဲ့
ပေါင်းတည်မြို့။

ရောင်းမည်

မြင်သာ(လိုင်စင်ရုံး) လမ်းမကြီး၊ တိုက်သစ် ငါးထပ်တိုက်(၆၅×၄၅)ပေ PJR 46/PRADO ၇ခ/၆ခ ကားနှင့် လဲနိုင်သည်။

ဖုန်း-၀၉-၅၀-၀၀၂၆၂၊
၀၁-၆၆၂၉၈၈၊ ၆၆၆၉၂၇။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပသ/၁၀၆၀၇ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ညီညီလတ် ၁၂/အလန(နိုင်)၀၀၂၀၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းရုံး (ပုသိမ်မြို့)။

သင့်သွေးဖြင့် အသက်ကယ်ပါ

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ဇွန်၂၇ရက်က ဥက္ကံမြို့ရှိ ရပ်ကွက်များနှင့် ရေမြောင်းများ၊ ဈေး စသည့်နေရာများ၌ ဥက္ကံရုံးခွဲတာဝန်ခံ ဦးစီးအရာရှိ ဦးသန့်ဇင်နှင့် ဝန်ထမ်းများခြင်ဆေးဖျန်း ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ဘုတ်ပြင်းမြို့၌ ကျင်းပ

ဘုတ်ပြင်း ဇူလိုင် ၁၀

ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ရက် နံနက်က ရာဇာမုနိဘုရားကုန်းတော်၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုရဲမှူးသန်းမြင့်ဦး၊ မြို့နယ်သစ်တောဦးစီးမှူး ဦးမင်းနိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူအင်အား စုစုပေါင်း ၂၀၀ခန့်ဖြင့် ကျွန်းပင်၊ မဟော်ဂနီပင်နှင့် အခြားအရိပ်ရသစ်ပင် ၅၀၀ကျော် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(ယာပုံ) (ခရိုင် ပြန်/ဆက်)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေး နှစ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် မြို့ပြလမ်းများအနက် ဇူလိုင် ၄ရက်က အောင်ဇေယျလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

တာချီလိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာချီလိတ်မြို့ ဗိုလ်ချုပ်လမ်းမတစ်လျှောက် သန့်ရှင်းသာယာလှပရေးအတွက်ကတ္တရာလမ်းနှင့်ပလက်ဖောင်းလမ်းကြား ကွန်ကရစ်လောင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မာလာဦး ဦးဆောင်၍ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ဇွန်၂၂ရက်က ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဖားကန့်၌ ကျင်းပ

ဖားကန့် ဇူလိုင် ၁၆

ဖားကန့်မြို့နယ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ၂၀၀၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်၄ရက် နံနက် ၈နာရီက ဆိပ်မူကျေးရွာ၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မိုးကောင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲလွင်နှင့် ဖားကန့်မြို့နယ် သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆိပ်မူကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတင်မောင်စိုးနှင့်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၇၀ ဖြင့် နှစ်ရှည် သစ်မာပျိုးပင်ပေါင်း ၁၈၀၀ ကို စိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ထပ်ဆင့်ရှင်းလင်းပွဲ ဖလမ်း၌ ကျင်းပ

ဖလမ်း ဇူလိုင် ၁၉

၂၀၀၉-၂၀၁၀ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ခရိုင်အဆင့်ထပ်ဆင့်ရှင်းလင်းပွဲကို ဇူလိုင်၁၈ရက် နံနက်၉နာရီက အထက(၁) ဖလမ်းရှလွယ်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားတွင် ဖလမ်းခရိုင်မှ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာ အထက်တန်းကျောင်းအုပ် ဆရာကြီးများနှင့် အခြေခံပညာအထက်တန်းပြ ဆရာဆရာမများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင် ပညာရေးမှူး ဦးကျင်ဇမုန်က အောင်ချက်မြင့်မားရေးနှင့် ပတ်သက်သော ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်သူ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာဆရာမများက ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

(ပညာရေး)

ယာဉ်/လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကျင်းပ

မန္တလေး ဇူလိုင် ၁၀

မန္တလေးတိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇွန် ၁၉ ရက် မွန်းလွဲ၁နာရီက ၆၃ လမ်း၊ ၃၄×၃၅ လမ်းကြားရှိ အဆိုပါ မထသရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်စစ်ဆေးရေးမှူး (၂) ဦးစိုးမြင့်က အမှတ်(၁၁) မော်တော်ယာဉ်အသင်းမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောကြောင်း သိရသည်။ **(ဝ၉၀)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

သံလွင်မြစ်ဖြတ် တံတားကြီးသည် တပ်မတော်အစိုးရနှင့် မြန်မာတိုင်းရင်းသား ပြည်သူတို့အကြား တစ်ဦးအပေါ်တစ်ဦး ထားရှိသော မေတ္တာစေတနာများကြောင့် ပေါ်ထွန်းလာသော တံတားကြီးဖြစ်။ ထို့ကြောင့် ဤတံတားကြီးအား မေတ္တာ တံတားကြီးဟု တင်စားခေါ်ဆိုနိုင်။

ငါးမင်းဆွေ၏ ဆောင်းပါး စာ-၈-၉

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကိုယ်လက်လှုပ်ရှားပြီး ကာရာအိုကေသီဆိုခြင်းဖြင့် နှလုံးနှင့် သွေးတိုးရောဂါများ ဖြစ်ပွားမှုလျော့ကျနိုင်ဟုဆို

ကာရာအိုကေ သီဆိုမှုသည် စိတ်ပိုင်းဆိုင်ရာ မွန်းကျပ်မှုကို လျော့ကျ သက်သာစေသော်လည်း တေးဂီတနှင့်အတူ ကိုယ်လက်လှုပ်ရှား ယိမ်းနွဲ့ပြီး သီဆိုပါက ကျန်းမာရေးကို ပိုမိုအထောက်အကူပြုစေကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

မဖြစ်ပွားနိုင်

ထိုသို့ ကိုယ်လက်လှုပ်ရှားကာ ကာရာအိုကေ သီဆိုပါက နောက်ကျောတက်ဝေဒနာ၊ စိတ်ဖိစီးမှုနှင့် နှလုံးကြွက်သားများ သန်မာပြီး နှလုံးရောဂါဖြစ်ပွားမှုများ လျော့ကျစေကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ တွေ့ရှိရသည်ဟု ဆို၏။ စာမျက်နှာ ၅ ကော်လံ ၃ ○

နည်းပညာတက္ကသိုလ်(ပုသိမ်)တွင် ကျောင်းသား ကျောင်းသူများ ဤသို့ တက်ရောက် ပညာသင်ကြားလျက်ရှိကြသည်။ (မြန်မာ့အလင်း)

တိုင်းရော၏ ဂုဏ်ဒြပ်ကို ထင်ဟပ်စေသည့် နည်းပညာတက္ကသိုလ်(ပုသိမ်)

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ▼ ဓာတ်ပုံ-ကျော်မြင့်သန်း (လမ်းမတော်) ▼ စာမျက်နှာဖွဲ့စည်းမှု-တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၀

ပုသိမ်မြို့မှ မောင်းနှင်လာသော မော်တော်ယာဉ်သည် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်အတွင်း ဝင်ရောက်လာသည်။ ပုသိမ်-ရန်ကုန် ကားလမ်းအတိုင်း မောင်းနှင်လာရာ ကန်ကြီးထောင့်မြို့နယ် အပင်နှစ်ဆယ်ရွာအနီးအရောက်တွင် ခံ့ထည်သောအဆောက်အအုံကြီးကို မြင်တွေ့လိုက်ရသည်။ အဆောက်အအုံ၏ မျက်နှာစာ၌ ရေးထိုးထားသော စာတန်းသည်ကား **"နည်းပညာတက္ကသိုလ် (ပုသိမ်)"**ဟူ၍။

ပြန်တွေးမိ

ကျောင်းဝင်းအတွင်းသို့ ကျယ်ပြန့်ဖြောင့်ဖြူးသော ကွန်ကရစ်လမ်းအတိုင်း ကားကိုမောင်းဝင်လာခဲ့ပြီး ကျောင်းအပေါက်ဝ၌ ဆင်းကာ ကျောင်းဝင်းအတွင်း လှမ်းဝင်ခဲ့သည်။ ငယ်ရွယ်နုပျိုသော တက္ကသိုလ်ကျောင်းသူ ကျောင်းသားများက အပြုံးအပျော်များနှင့် ကျောင်းဝင်း၊ ကျောင်းပြင်၌ အေးချမ်းစွာသွားလာနေကြသည်ကို မြင်တွေ့ရသည်။ ငယ်ရွယ်စဉ်က ဖြတ်သန်းခဲ့ရသော ပျော်ရွှင်စရာကောင်းသည့် တက္ကသိုလ်ကျောင်းသားဘဝကို ပြန်တွေးမိရင်း ရင်ထဲ၌ နွေးထွေးသွားသည်။ *စာမျက်နှာ ၅ ကော်လံ ၃* ●

မုန်တိုင်းသတင်း

နေပြည်တော် ဇူလိုင် ၂၀

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ အပူပိုင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၁၂၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၁၂နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိသကမ်းခြေနှင့် အနောက်ဘင်္ဂါလီ ကမ်းခြေကြားမှ ကုန်းတွင်းပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)